# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၄၀)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

**အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း သိကောင်းစရာများ**
ဆောင်းပါး စာ ၁၀

**ဂျီ -၂၀ ထိပ်သီးအစည်းအဝေးအတွက် နယူးဒေလီမြို့၌ လုံခြုံရေးတင်းကျပ်**
နိုင်ငံတကာသတင်း စာ ၁၃





**အသိပညာတိုးတက်ရေးနဲ့ လူတိုင်းလက်လှမ်းမီသော ဘက်စုံပညာရေးဆီသို့ . . .**
ဆောင်းပါး စာ ၁၆


# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၇၈၅၉၈ ဧက စိုက်ပျိုးနိုင်

## မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ကြံ၊ ဝါ၊ အခြားသီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုး

**ကျွန်းလှ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ လျာထားချက်ထက် ၁၇၉၄ ဧက ကျော်လွန်စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်း၊ မြောင်း၊ မြေအောက်ရေတင်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ယခုနှစ် သီးနှံမျိုးစုံစိုက်ပျိုးရန် ၇၆၈၀၄ ဧက လျာထားပြီး ယနေ့အထိ ၇၈၅၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

အဆိုပါ မိုးရာသီစိုက်ပျိုးထားသော သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပိုးမွှားကျရောက်မှု ကြိုတင်ကာကွယ်ခြင်း၊ ဓာတ်မြေဩဇာ အချိုးကျ အချိန်ကိုက်ထည့်သွင်းခြင်း၊ ပေါင်းမြက်ကင်းရှင်းခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။ ကျွန်းလှမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧက၊ ပဲမျိုးစုံ ၁၆၉၄၂ ဧက၊ ဆီထွက်သီးနှံ ၇၂၉၈ ဧက၊ ကြံ ၅၁ ဧက၊ ဝါ လေးဧက၊ အခြားသီးနှံ ၁၈၀၇၂ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၈၅၉၈ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို-ကျွန်းလှ**



**ကျောက်ဆည်၌ ငရုတ်စိုက်ဧက ၂၂၀၀ စိုက်ပျိုးပြီး**

ကျောက်ဆည် မြို့နယ်ရှိ ငရုတ်စိုက်ခင်းတစ်ခင်း၌ ဒေသခံတောင်သူ တစ်ဦး ငရုတ်သီးများ ဆွတ်ခူးနေမှုကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။

( မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ်၌ ယခုနှစ်တွင် ငရုတ်စိုက်ဧက ၂၂၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။)

သက်မောင်



# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော HONGQI EQ M5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော AUTEL အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကောင်းမွန်သည့် ဆန်စပါးဈေးကွက်ရပ်ဝန်း စိတ်ကောင်းစေတနာမွန်ဖြင့် ဝိုင်းဝန်းတည်ဆောက်

ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ မကြုံစဖူး မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးသည့် ပုံစံအရ ဆန်သစ်မပေါ်မီကြားကာလတွင် ဆန်ဈေးနှုန်းတက်လေ့ရှိသည်မှာ သဘာဝပင်ဖြစ်သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် ဆန်ဈေးနှုန်းက ဖြစ်သင့်ဖြစ်ထိုက်သည်ထက် ပိုမိုမြင့်မားနေခြင်းကြောင့် သဘာဝမကျဟု ဆိုရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည့် ဆန်ဈေးနှုန်းနှင့် ဆန်ဈေးကွက်တည်ငြိမ်မှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဆန်ဈေးနှုန်းသည် ဖြစ်သင့်ဖြစ်ထိုက်သည့် ပမာဏထက်ကျော်လွန်၍ ဈေးနှုန်းတက်သည့် အနေအထားတစ်ရပ်ကိုတွေ့ရပြီး အမြတ်ကြီးရလိုမှုဖြင့် ဝယ်ယူသိုလှောင်ထားကြကာ တဖြည်းဖြည်း ဈေးဆွဲတင်ဆောင်ရွက်နေကြောင်း၊ ကောလာဟလသတင်းများအပေါ်မူတည်၍ ဈေးနှုန်းကို ဆွဲတင်နေကြသည့် ကုန်သည်များ ပိုမိုများပြားလာပြီး ၎င်းတို့က ဈေးဆွဲတင်နေသည်ကို တွေ့ရကြောင်း ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ဥပဒေစည်းကမ်းနည်းလမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံ စီးပွားရှာနိုင်ကြသည်။ ဂုဏ်သိက္ခာရှိရှိ၊ သမာသမတ်ကျကျနှင့် အတ္တ၊ ပရ မျှတသည့် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြသည်။ ယင်းသို့မဟုတ်ဘဲ ငွေလုံးငွေရင်း လက်ထဲကိုင်ကာ ဆန်လှောင်၊ ဆီလှောင်၊ စက်သုံးဆီလှောင်ပြီး ကောလာဟလများ ထုတ်လွှင့်၍ ဈေးနှုန်းများ ဆွဲတင်ရောင်းချကာ အချိန်တိုတိုနှင့် ငွေထုပ်ကြီးကြီးပိုက်လိုသည့် ဂုဏ်သိက္ခာကင်းမဲ့သော လုပ်ရပ်မျိုးကို ရှောင်ကြဉ်ကြဖို့ တိုက်တွန်းလိုသည်။ ဝိသမလောဘဇောတိုက်ကာ “ရိုက်စား” အကွက်ဖြင့် စီးပွားရှာရာတွင် အရိုက်ခံရသူများမှာ ပြည်သူများသာဖြစ်ပြီး ဝင်ငွေနည်းပါးသည့် မိသားစုများ၊ ဆင်းရဲနွမ်းပါးသူ အောက်ခြေလူတန်းစားများက အထိအနာဆုံးဖြစ်သည်ကို သတိမူကာ ဆင်ခြင်ကြစေလိုသည်။

စင်စစ်အားဖြင့် ဆန်သည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အဓိကစားကုန်ဖြစ်သလို အဓိကစိုက်ပျိုးသည့် ထုတ်ကုန်လည်းဖြစ်သည်။ စပါးစိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေ၊ မြေ၊ အရင်းအမြစ်များ ပြည်တွင်းဒေသအနှံ့အပြားတွင် တည်ရှိနေပြီး အများစုမှာ ဒေသတွင်းဖူလုံရုံမျှမက ပိုလျှံအောင် ထုတ်လုပ်နိုင်စွမ်းရှိကြသည်။ နိုင်ငံတော်ကလည်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးဖြည့်ဆည်းပေးမှုများနှင့်အတူ တွန်းအားပေးဆောင်ရွက်လျက်ရှိရာ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်နိုင်သည့် အနေအထားတွင်ရှိသည်။ လက်ရှိကမ္ဘာ့ဆန်ဈေးကွက်တွင် အယ်နီညိုကို အကြောင်းပြု၍ ဆန်ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အိန္ဒိယအပါအဝင် ကမ္ဘာ့ဆန် တင်ပို့ရောင်းချသည့် နိုင်ငံအချို့က ဆန်တင်ပို့မှုများကို လျှော့ချထားခြင်းကြောင့်လည်း ကမ္ဘာတွင် ဆန်သည် ရောင်းသူဈေးကွက်ဖြစ်နေသည်။

စပါးစိုက်ပျိုး၊ ရိတ်သိမ်း ရာသီအလိုက်ဖြစ်လေ့ဖြစ်ထရှိသည့် ဆန်ဈေးကွက်မတည်ငြိမ်မှုကို ထိန်းညှိနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ၏ စိုက်ပျိုးမှုပုံစံများကို အတုယူဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်း၊ အထွက်ကောင်း သက်တမ်းတို စပါးမျိုးများ ရှာဖွေဖော်ထုတ်ရေး၊ ဆန်ဈေးကွက်မတည်မငြိမ်ဖြစ်အောင် သိုလှောင်ဈေးကစားမှုများကဲ့သို့သော မသမာသည့်လုပ်ရပ်ပြုလုပ်သူများကို ဖော်ထုတ်အရေးယူရေး စသည်တို့အပါအဝင် ကောင်းမွန်သည့် ဆန်စပါးဈေးကွက်ရပ်ဝန်းကို စိတ်ကောင်းစေတနာမွန်ဖြင့် ဝိုင်းဝန်းတည်ဆောက်ကာ အတ္တပရနှစ်ဖြာသော အကျိုးစီးပွားတို့ မျှတနိုင်ပါစေကြောင်း။ ။

## မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး ရင်းနှီးစွာဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md Monwar Hossain အား ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၄၁) ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ၌ လက်ခံတွေ့ဆုံခဲ့သည်။ (ယာပုံ)



**နှစ်နိုင်ငံ ကုန်သွယ်ရေး**

တွေ့ဆုံစဉ် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md Monwar Hossain တို့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးအပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## Naypyitaw State Academy ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နှုတ်ဆက်ပွဲနှင့် Physical Fitness Dance သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

အနာဂတ်မြန်မာနိုင်ငံတော်တွင် အားကိုးအားထားပြုထိုက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကို ရည်ရွယ်၍ Naypyitaw State Academy ၏ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ် (Youth Week) အစီအစဉ်အနေဖြင့် လူငယ်များ မိတ္တဗလနှင့် ကာယဗလပြည့်စုံစေရေးအတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နှုတ်ဆက်ပွဲ (Farewell) နှင့် Physical Fitness Dance သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနုနုလွင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက Naypyitaw State Academy သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် Physical Fitness Dance သင်တန်းသူလေးများက သရုပ်ပြဖျော်ဖြေကြပြီး Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အဆို၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ၌ “လူငယ်များဦးဆောင်သည့် လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှု” အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ၌ လူငယ်သီတင်းပတ်လှုပ်ရှားမှုအဖြစ် “လူငယ်များဦးဆောင်သည့် လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှု” အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ) ပင်မဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်သီတာငြိမ်းက အမှာစကားပြောကြားသည်။



အမှာစကားပြောကြားရာတွင် လူငယ်များသည် အနာဂတ်အတွက် အားကိုးအားထားပြုကြရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး ဗလငါးတန်ဖွံ့ဖြိုးသည့် လူငယ်များဖြစ်လာစေရေး ရည်ရွယ်လျက် လူငယ်ကဏ္ဍကို မြှင့်တင်ပေးသည့်အနေဖြင့် ယနေ့လူငယ်များ ဦးဆောင်၍ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ပထမပိုင်းအဖြစ် ဂျာမနီမှ ပြန်လာသည့် Exchange Students များက Social Innovation Project နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို မျှဝေကြသည်။ ဒုတိယအပိုင်းအနေဖြင့် Young Entrepreneurs များက ဦးဆောင်၍ Innovation for Sustainability ခေါင်းစဉ်ဖြင့် ပြောကြား၍ ကျောင်းသား ကျောင်းသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းသမ္မတ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး မစ္စတာ အန်တွန်ကိုဘရာကော့၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပမည့် အဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



**ပို့ဆောင်နှုတ်ဆက်**

အဆိုပါကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

**တာဝန်ရှိသူများ လိုက်ပါ**

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်တို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အထူးအလေးထားကာ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ် ချမှတ်ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ၊ လူငယ်လူရွယ်များ ပညာရည်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေးကို ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်အပေါ် ကယားပြည်နယ်အနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက လွိုင်ကော်မြို့အတွင်း တိုးမြှင့်ပြုပြင်ဆောင်ရွက်ပေးစေလိုသည့် လမ်း/အဆောက်အဦဆိုင်ရာကိစ္စ၊ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာများ၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိပြီး ဖြန့်ဖြူးရောင်းချရေးဆိုင်ရာ ကိစ္စနှင့် ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးကိစ္စရပ်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် လယ်ဝေးမြို့ အထက(၁)နှင့် (၂)တို့၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက် နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့ရှိ အမှတ်(၁)နှင့် (၂) အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ဒက္ခိဏခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က လူငယ်အသိပညာပေး ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က ကျောင်းသားကျောင်းသူများအနေဖြင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေး ဟောပြောသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဖျော်ဖြေရေးအဖွဲ့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ကြသည်။

ထို့နောက် ခန်းမအပြင်ဘက်၌ “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြပွဲဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသားကျောင်းသူလူငယ်များ အသိပညာပေး စာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း စသည့် ပျော်ရွှင်ဖွယ်ဂိမ်းများ ကစား၍ အနိုင်ရရှိသူအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့်(ရောဝတီ)မိသားစုနှင့် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ လှူဒါန်းသော ဘောလ်ပင်နှင့် စာအုပ်များ ချီးမြှင့်ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်**

**(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၃/၂၀၂၂) သင်တန်းဆင်းပွဲတက်ရောက်



**နေပြည်တော်  စက်တင်ဘာ  ၈**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၃/၂၀၂၂) ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ထက်ထက်စိုး(၁)၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရဲထက်အောင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အေးအေးသင်း၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း စောချာလီနှင့် ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ထက်ထက်စိုး (၁) တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ သင်တန်းဆင်း ဒုတိယ ရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန် ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်မှုများကိုလည်း စည်းကမ်းတကျဖြင့် တိုးတက်အောင်မြင်အောင် ဦးဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူများဘဝ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး ဆိုသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထားအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူနှင့်အတူ လက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေရသလို နယ်စပ်ဒေသများတွင်ပါ လုံခြုံရေးကို ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိရမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်၊ အမိန့်နာခံတတ်သည့်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျခြင်းကြောင့် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကာ မူးယစ်ဆေးဝါး ပပျောက်သည်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်အရေးယူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကိုအခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလိုက်နာရမည့် အစဉ်အလာကောင်း (၁၂) ရပ်တွင် ပါရှိသည့် **“နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်”** ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၃) ရဲဗလ တပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၂၀၄ ဦး၊ တပ်တွင်းဘွဲ့ရအမျိုးသမီး ၁၄၃ ဦး စုစုပေါင်း ၃၄၇ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် UNCAC (United Nations Convention Against Corruption) ပါ ပြဋ္ဌာန်းချက်များအပေါ် ဝန်ထမ်းများအားလုံး သိရှိနားလည်စေရန် ရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ဝန်ထမ်းများအား ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း UN-CAC (United Nations Conven-tion Against Corruption) ပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနားလည်စေရန်ရည်ရွယ်၍ Knowledge Sharing အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှု လျော့နည်းကျဆင်းစေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်ရှိ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် UNCAC ပါ ပြဋ္ဌာန်းချက်များကို သေချာစွာ သိရှိနားလည်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်စပ်လျဉ်း၍ သိရှိနားလည်မှသာ မိမိနိုင်ငံ၏ စံနှုန်းများနှင့် နှိုင်းယှဉ်၍ ပြင်ဆင်သင့်သည့်အချက်များကို ပြန်လည်ပြင်ဆင် ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊အကောင်အထည်ဖော်ရာတွင်လည်း ခိုင်လုံသည့် အချက်အလက် အထောက်အထားများကို အခြေခံရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆွေးနွေးတင်ပြမည့် အချက်များနှင့် စပ်လျဉ်း၍ သေချာစွာလေ့လာမှတ်သားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက UNCAC ပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည ဝန်ထမ်းများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကာ ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်းများ တက်ရောက်ခဲ့ကြပြီး ကော်မရှင်ရုံးခွဲမှ အရာထမ်းများက Online ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော်  စက်တင်ဘာ  ၈**

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။




ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်ဈေး၌ ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေးနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်၍ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေး ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့၊ ကချင်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချသူတို့ ပူးပေါင်း၍ ဒေသခံများအတွက် ပြင်ပပေါက်ဈေးနှုန်းထက် ပိုမိုချိုသာသော ဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာတတ်မြောက်ရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းမှာကြားပြီး မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားအတွက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၏ စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ပြသမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပြည်နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာဦးစီးဌာနမှ စာတတ်မြောက်ရေး လှုပ်ရှားမှု ပုံရိပ်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင် ရေးလှုပ်ရှားမှုအဖြစ် ခင်းကျင်းပြသထားသည့် သုတ/ရသစာအုပ်စာစောင်များနှင့် Mobile Library စာအုပ်စာစောင်ငှားရမ်းမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် အဆိုပါခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာန ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးနှင့် လူငယ်ကဏ္ဍ တိုးတက်မြင့်မားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ပညာရေးမှူးနှင့် တက်ရောက်လာကြသည့် ကျောင်းအုပ်ကြီးများက ပညာရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား လမ်းပေါ်ရှိ ဧရာဝတီမြစ်ကူးတံတား တံတားအမှတ် (၂/၄၈၄)၊ ဗလမင်းထင်တံတားအမှတ် (၂) (၃၂၁၂ ဒသမ ၀၉၉) ပေအရှည်ရှိ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာအတွင်း ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ KEP Logistics Co.,Ltd သို့ သွားရောက်၍ ကချင်ပြည်နယ်မှ တစ်ဆင့် ပို့ကုန်/သွင်းကုန် စီးပွားရေးလုပ်ငန်းများ၊ နယ်စပ်ကုန်စီးဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လိုအပ်ချက်၊ အခက်အခဲများနှင့် စပ်လျဉ်း၍ တာဝန်ခံဦးအားဖူ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က ဝိုင်းမော်-ကံပိုင်တည် နယ်စပ်ဂိတ်သွားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ လိုင်စင်မဲ့/စည်းကမ်းမဲ့ မော်တော်ယာဉ်ကြီးများ အရေးယူ ထိန်းချုပ်ကွပ်ကဲနိုင်ရေးနှင့် နယ်စပ်ကုန်စည် စီးဆင်းမှုများ ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ကုန်တင်ကုန်ချဝင်းအတွင်း လုပ်ငန်း ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ယင်းနောက် မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ပံ့ပိုးပေးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖြိုးဝေဝေစက္ကူနှင့် စာအုပ်ထုတ်လုပ်ငန်း သမဝါယမအသင်း လီမိတက်၌ ပျော့ဖတ်စက်အသစ် လည်ပတ်နေမှုနှင့် စက်ရုံထုတ်ကုန်ကြမ်းများ ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် မြစ်ကြီးနားမြို့ ဗလမင်းထင်ဧက ၁၀၀ တင်း ၁၀၀ စံပြစိုက်ကွက်အတွင်း တပ်ကုန်းကွင်းနှင့် မန်ခိန်ကွင်းတို့အတွင်း မိုးစပါးစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းမှု၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ ဆောင်းသီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေ၊ သွင်းအားစုများ ပံ့ပိုးကူညီပေးထားမှု အခြေအနေများနှင့် မန်ခိန်ကွင်းအတွင်း တောင်သူများ၏ မိုးစပါးကြဲပက်နေမှုကို ကြည့်ရှုအားပေးကာ တပ်ကုန်းကွင်းအတွင်း အင်ဂျန်းခချောင်း ပြန်လည်တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် တောင်သူများအတွက် ငါးမျိုးစိုက်ထည့်ပေးထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာမဖတ်တတ်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အကြမ်းဖက်မှု၊ ပဋိပက္ခများနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို ဖြစ်ပေါ်စေ

**မြိတ် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားတက်ရောက်ခဲ့ကြသည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံသားတိုင်း စာတတ်မြောက်မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း KG+9 (အလယ်တန်းအဆင့်) ပညာပြီးဆုံးသည်အထိ သင်ကြားနိုင်ရေး၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ ဖြစ်လာစေရန် ဦးတည် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်နှင့်အထက် လူဦးရေ လေးသန်းခန့် တစ်နည်းအားဖြင့် နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၁ ရာခိုင်နှုန်းသည် အခြေအနေအကြောင်း အမျိုးမျိုးကြောင့် ကျောင်း မနေခဲ့ကြရသည်ကို လေ့လာတွေ့ရှိရကြောင်း၊ စာမဖတ်တတ်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အကြမ်းဖက်မှု၊ ပဋိပက္ခများနှင့် ဆင်းရဲနွမ်းပါးမှုတို့ကို ဖြစ်ပေါ်စေနိုင်သည့် အကျိုးသက်ရောက်မှုများ ရှိနိုင်သည့်အတွက် လူတိုင်း စာတတ်မြောက်ရန် အလွန်အရေးကြီးကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူး ဦးဝင်းနောင်က ဖတ်ကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး မြိတ်မြို့နယ်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ခဲ့ကြသည်။

ထို့နောက် အထက (၉) ကျောင်းသား ကျောင်းသူများက "တို့အင် တို့အား" သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြပြီး ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip ပြသရာ ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်း ကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့" ဆောင်ပုဒ်အတိုင်း နိုင်ငံတော်မှ စာမတတ်သူ လူငယ်များနှင့် လူကြီးများအတွက် စာတတ်မြောက်ရေး လုပ်ငန်းအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ

မော်လမြိုင် စက်တင်ဘာ ၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သထုံမြို့နယ်အတွင်းရှိ ကရင်နှင့် ပအိုဝ်းတိုင်းရင်းသားများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

### တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သထုံမြို့နယ်အတွင်းရှိ ကရင်နှင့် ပအိုဝ်းတိုင်းရင်းသားများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဒေသအတွင်းရှိ ကရင်တိုင်းရင်းသားကိုယ်စားလှယ်တို့က လျှပ်စစ်မီးရရှိရေး၊ တိုင်းရင်းသားစာပေသင်ကြားမှုဖွံ့ဖြိုးရေး စသည့်လိုအပ်ချက်များကို တင်ပြဆွေးနွေးရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တိုင်းရင်းသားတိုင်းရင်းသူများနှင့် တွေ့ဆုံ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဓမ္မဗိမာန်တော်၌ ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် တွေ့ဆုံသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အား ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတို့က ဒေသထွက်အသီးအနှံ ပေးအပ်စဉ်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် ပအိုဝ်းတိုင်းရင်းသားများက ဒေသလိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်က တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ပအိုဝ်းအမျိုးသားဗိမာန်တော် တည်ဆောက်နိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတို့က လက်ခံရယူကြပြီး ဒေသထွက်အသီးအနှံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ သထုံမြို့ နန်းခဲရပ်ကွက် ရုံးကြီးလမ်းရှိ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

### ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် ကရင်ဝင်းစိန်ကျေးရွာ ကရင်စာပေယဉ်ကျေးမှုခန်းမ၌ ကရင်တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြား၍ ဒေသခံများ၏ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုအပေါ် သက်ဆိုင်ရာပြည်နယ်၊ ခရိုင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ပြည်နယ်မှူးနှင့် ခရိုင်ပညာရေးမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကရင်ဝင်းစိန်တောင်ပေါ်ကြီးကျောင်းတိုက် ဆရာတော် ဦးဝိမလအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီးသို့ရောက်ရှိပြီး မြစေတီစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဝိနယပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ဩဝါဒခံယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ *ကျောဖုံးမှ*

နိုင်ခဲ့ပြီး ပယ်နယ်တီအပါအဝင် ဂိုးသွင်းခွင့်အချို့ အသုံးမချနိုင်ခဲ့သဖြင့် မြန်မာအသင်း ရှုံးပွဲမကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ နန္ဒကျော်၊ ဝေလင်းအောင်၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ သန်းပိုင်၊ အောင်သူတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး ဒုတိယပိုင်းတွင် အောင်ကောင်းမာန်၊ ဆွမ်လမန်၊ စည်သူအောင်၊ စိုးမိုးကျော်၊ ကျော်ဇင်လွင်၊ အောင်လှိုင်ဝင်းတို့ကို လဲလှယ်အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းက ပိုဖိကစားနိုင်သော်လည်း မြန်မာအသင်း၏ တိုက်စစ်တွဲလုံးများမှာ ထိရောက်မှုမရှိသဖြင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ သို့သော် ပထမပိုင်းတွင် မြန်မာအသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများရခဲ့သော်လည်း သန်းပိုင်နှင့် အောင်သူတို့ အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် နီပေါအသင်းကလည်း ပြန်လည်ဖိအားပေးလာရာ ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သည်။ ၅၈ မိနစ်တွင် နီပေါအသင်း ပယ်နယ်တီကန်ခွင့်ရသော်လည်း ဘစ်စတာ၏ကန်ချက်ကို မြန်မာဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၆၀ နောက်ပိုင်းတွင် မြန်မာအသင်းကစားအားကျသွားပြီး နည်းပြချုပ် ဖိုက်အွန်ဘိုင်နာအနေဖြင့် လူစားလဲသင့်သည့်ကစားသမားများကို မလဲလှယ်ခဲ့သဖြင့် တိုက်စစ်ပိုင်းတွင် ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။ မြန်မာအသင်း၏ ယခုပွဲကစားသွားသည့်ခြေစွမ်းအရ အောက်တိုဘာတွင် ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားပထမအဆင့်ခြေစစ်ပွဲတွင် ရုန်းကန်ရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် နီပေါအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို စက်တင်ဘာ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

❑ *ကျောဖုံးမှ*

အမှတ်ပေးဇယားရပ်တည်မှုအရ နိုင်ပွဲရရှိရန် လိုအပ်နေသည့် အိုင်ယာလန်အသင်းမှာ ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပြင်သစ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။

ယနေ့ပွဲစဉ်တွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် အိုင်ယာလန်အသင်းသည် ၂၀၂၄ ယူရိုအတွက် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းပါးသွားခဲ့ပြီဖြစ်သည်။

ပြင်သစ်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ရရှိခဲ့ပြီး ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ချူအာမန်နီက အသင်းခေါင်းဆောင် အမ်ဘာပေ၏ ဖန်တီးမှုမှတစ်ဆင့် ရယူနိုင်ခဲ့သည်။

ထို့နောက်တွင်လည်း ပြင်သစ်အသင်းကသာ တရစပ်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးအများအပြား ဖန်တီးနိုင်ခဲ့သည်။ ပြိုင်ဘက်အိုင်ယာလန် အသင်းက ရံဖန်ရံခါမှသာ ပြင်သစ်အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်နိုင်ခဲ့သည်။

ပြင်သစ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၄၈ မိနစ်တွင် ရရှိခဲ့ပြီး သူရမ်က သွင်းယူပေးခဲ့သည်။ ပြင်သစ်အသင်းသည် စက်တင်ဘာ ၁၃ ရက်တွင် ခြေစမ်းပွဲအဖြစ် နာမည်ကြီး ဂျာမနီအသင်းနှင့် ကစားသွားမည်ဖြစ်ပြီး အိုင်ယာလန်အသင်းက ယူရိုခြေစစ်ပွဲ ပွဲစဉ် (၆) အဖြစ် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

---

## ခေါင်လန်ဖူးမြို့၌ ပန်းခင်းစီမံချက်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ခေါင်လန်ဖူး စက်တင်ဘာ ၈** – ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ပန်းခင်းစီမံချက်(၂)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၇ ရက်က အထက(ခေါင်လန်ဖူး)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျား ခုနစ်ဦး၊ မ ၁၃ ဦး စုစုပေါင်း ၂၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးထုတ်ပေးခဲ့ပြီး ကွင်းဆင်းရန်ကျန်ရှိသည့် ကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၄၅၂ ဘီလီယံအနက် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ထုတ်ချေးပြီးစီးမှုမှာ ငွေကျပ် ၂၉၂ ဒသမ၂၇၈ ဘီလီယံဖြစ်



**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထိရောက်စွာအသုံးချရန်လို**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဇွန် ၁၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် အခြေခံစားသုံးကုန်စည်များ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က "ဒေသတွင်း အသား၊ ငါး လိုအပ်ချက်များရှိနေခြင်းကြောင့် ကုန်စျေးနှုန်းကြီးမြင့်နေသည့်အပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ဒေသအလိုက် စားရေးကို အဓိကအထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်၍ ရောင်းလိုအားနှင့်ဝယ်လိုအား မျှတမှုရှိစေရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း" တို့ကို လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးခဲ့သည့်ခရီးစဉ်တွင်လည်း "နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအား စနစ်တကျထုတ်ပေးပြီး ပြန်လည်ကောက်ခံခြင်းများကိုလည်း အလေးထားဆောင်ရွက်ရန်" လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

**အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေး**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၄၅၂ ဘီလီယံအနက် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ထုတ်ချေးပြီးစီးမှုမှာ ငွေကျပ် ၂၉၂ ဒသမ၂၇၈ ဘီလီယံ ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ချေးငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထိရောက်စွာထုတ်ချေးပေးရန်နှင့် ချေးငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရန်ပုံငွေမှထုတ်ပေးထားသည့် အရင်းမပျောက် မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန်နှင့် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများ ပြင်ဆင်ရေး၊ ရခိုင်ပြည်နယ်အစိုးရမှတင်ပြသည့် ဆိုင်ကလုန်း မိုခါ တိုက်ခတ်မှုကြောင့် ခေတ္တရပ်ဆိုင်းထားခဲ့သော ချေးငွေထုတ်ချေးခြင်းလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ချေးငွေပမာဏသတ်မှတ်ချက် ကျော်လွန်၍ ထုတ်ချေးထားသောချေးငွေများကို ချေးငွေစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ဝင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နှေစပါး၊ ပဲတီစိမ်းချေးငွေထုတ်ချေးခဲ့မှုနှင့် ပြန်လည်ကောက်ခံရရှိမှု၊ မိုးစပါးချေးငွေ ထုတ်ချေးပြီးစီးမှု၊ ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး ချေးငွေထုတ်ချေးထားမှု၊ ဆောင်းသီးနှံချေးငွေ အချိန်မီ ထုတ်ချေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ချေးငွေများ ထုတ်ချေးရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ ချေးငွေထုတ်ချေးရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ဆောင်ရွက်ရေးနှင့် ပြန်လည်သုံးသပ်ရေးကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်အထိ အာမခံအလုပ်သမား လူနာပေါင်း ၆၂၅၇၆၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၈**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး အစည်းအဝေးခန်းမ၌ ခေတ္တဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် လိုအပ်ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် တက်ရောက်မီးဖွားသည့် အမျိုးသမီးအာမခံအလုပ်သမားအား ထောက်ပံ့ငွေပေးအပ်စဉ်။**

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ရန်ကုန်တိုင်းဒေသကြီးတွင် အကျုံးဝင် အာမခံအလုပ်သမား ၈၉၀၀၀၀ ကျော်ရှိပြီး အဆိုပါ အာမခံ အလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ထန်းတပင် အလုပ်သမားဆေးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ ဌာနကြီးဆေးခန်း ၁၈ ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်း၊ စာချုပ်ဆေးခန်း ၃၀၊ မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်သည့် ဆေးခန်း ၁၀ ခန်းတို့ ဖွင့်လှစ်၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်အထိ အာမခံအလုပ်သမား လူနာပေါင်း ၆၂၅၇၆၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေး အဖွဲ့အနေဖြင့် အကျုံးဝင် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုပြီး ယခုအခါ Fee For Service Payment ဆေးခန်း ၂၀၊ Capitation Payment ဆေးခန်း ၂၆ ခန်းနှင့် မီးဖွားမှုဝန်ဆောင်မှုဆေးခန်း ၁၂ ခန်းဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၃ခုနှစ် ဇန်နဝါရီမှ ဇူလိုင်အထိ လူနာဦးရေ ၅၂၇၉၂ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သန်းပေါင်း ၄၂၇၀ ဒသမ ၀၉၃ သန်း ပေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ဖွင့်လှစ်သည့် ကြွေပြားကပ်လုပ်သားအလုပ်အကိုင် သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်း တာဝန်ခံနှင့် တာဝန်ရှိသူများ၊ Soilbuild Construction Group Ltd မှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) အတွင်း လှည့်လည်ကြည့်ရှုပြီး လုပ်သားဈေးကွက် လိုအပ်ချက်ရှိသည့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး ဆောင်ရွက်ရန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် Soilbuild Construction Group Ltd တို့အကြား နားလည်မှုစာချွန်လွှာရေးထိုး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းပါ လုပ်ငန်းစဉ်များကို MoU ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်မှုကိုကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဃ်န်းကျွန်းမြို့နယ်ရှိ Center for Vocational Training ၌ ရုံးခန်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်)၊ သဃ်န်းကျွန်းမြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းတို့မှ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံမှာကြားပြီး သင်တန်းကျောင်းဝင်းအတွင်း ရုံးခန်းများဖွင့်လှစ်ထားရှိမှုနှင့် အဆောက်အဦများ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ CMP စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော Arao Co., Ltd အထည်ချုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲနှင့် သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ရုံးအဆောက်အအုံ ပြင်ဆင်မွမ်းမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲနှင့် သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ရုံးအဆောက်အအုံ ပြင်ဆင်မွမ်းမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ **(အောက်ပုံ)** ညွှန်ကြားရေးမှူး ဦးကျော်ဌေးက လုပ်ငန်းတာဝန်များ ခွဲဝေချထားမှု၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုထားရှိမှု၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံရေးအမြင်ရှိရန်လို**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မှာကြားရာတွင် နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ဝန်ထမ်းများအားလုံး ယေဘုယျသိရှိကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အခြေအနေနှင့် နိုင်ငံ့အခြေအနေတို့ကို အမြဲမပြတ် သိရှိလေ့လာထားကြရန်နှင့် ထုတ်ဝေစာများကို စိစစ်ဖတ်ရှုသုံးသပ်ကြရာတွင် နိုင်ငံရေးအမြင်ရှိရန် လိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်တည်ငြိမ်အေးချမ်း သာယာဝပြောရန်နှင့် စားရေရိက္ခာဖူလုံမှုရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသည် အရေးကြီးသည့် ဌာနတစ်ခုဖြစ်သည့်အတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ထုတ်ဝေစာများကို ဥပဒေနှင့်အညီ လာရောက်ပို့ဆောင်ပေးရန် သက်ဆိုင်ရာစာပေတိုက်များအား နှိုးဆော်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့၏ ရေးသားဖော်ပြချက်များသည် ကျင့်ဝတ်၊ ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိ ကိုလည်း ဖတ်ရှုသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးဘာသာသာသနာအကျိုးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲရုံးကို ကြည့်ရှုစစ်ဆေးသည်။





**ကြည့်ရှုအားပေး**

ဆက်လက်၍ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲနှင့် သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲရုံး အဆောက်အအုံသို့ရောက်ရှိပြီး ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တွင် ကျောက်တံတားမြို့နယ်၊ စာပေချစ်သူများအဖွဲ့ (Book Club) မှ စာရေးဆရာများ စာပေစကားဝိုင်း၌ စာပေဆွေးနွေးနေမှုနှင့် ကလေးများ စာပေဖတ်ရှုနေမှု၊ ရုပ်ပုံများရေးဆွဲနေမှုတို့ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

ယင်းနောက် နှစ် ၉၀ ကျော် သက်တမ်းရှိပြီဖြစ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအဆောက်အအုံအား အကြီးစားပြင်ဆင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ရမည့် နည်းလမ်းများနှင့်အညီ ပြင်ဆင်ခွင့် တင်ပြခွင့်ပြုချက်ရယူပြီး အသေးစိတ် မွမ်းမံပြင်ဆင်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချပေး

**ကန်ကြီးထောင့် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် အိမ်ထောင်စုတစ်စုလျှင် နှစ်ပြည်နှုန်းစီ ရောင်းချပေးခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် လောကမှန်ကူ ဘုရားမုခ်ဦးရှေ့တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ရဲနိုင်လွင်၊ အဖွဲ့ဝင်(၂) ဦးလှမြင့်နှင့် ဌာနဆိုင်ရာများမှ ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းအနေဖြင့် ကန်ကြီးထောင့်မြို့နယ် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ဒါးက၊ ရှမ်းရွာ၊ မြင်းကစိပ်၊ ကျိုက်လတ်၊ တကုန်းကြီးကျေးရွာများသို့ ပထမအကြိမ်အဖြစ် ဧည့်မထဆန်အိတ် ၇၀၀ ကို ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် လူငယ်သီတင်းပတ်ပွဲတော်သို့ တက်ရောက်

**သန်လျင် စက်တင်ဘာ ၈**

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ လူငယ်သီတင်းပတ် ပွဲတော်ကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများ၊ သန်လျင်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများသည် လူငယ်သီတင်းပတ်ပွဲတော်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားမော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးနေမှုနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောသရုပ်ပြပွဲနှင့် အားကစားပစ္စည်းလှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူ လူငယ်များ ဗလငါးတန်ပြည့်စုံစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာ ကျောင်းများတွင် လူငယ်စကားဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ အသိပညာပေးဟောပြောပွဲများ၊ ပြပွဲများ၊ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်ငှားရမ်းပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ၂၀၂၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရှင်အဖွဲ့များမှ ပညာရှင် ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "စေတနာပန်းတို့လန်းရာမြေ" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



**၁၉၆၆ ခုနှစ်မှ စတင်ကျင်းပ**

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အီရန်နိုင်ငံ တီဟီရန်မြို့၌ ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ ဦးဆောင်တက်ရောက်သည့် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်မှ နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၆၆ ခုနှစ်မှ စတင်ကာ ယူနက်စကို အဖွဲ့ကဦးဆောင်လျက် စာတတ်မြောက်ရေးနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်းကို စာမတတ်သူများအဖြစ်မှ ကင်းလွတ်၍ စာတတ်မြောက်လာအောင် တွန်းအားတစ်ရပ်အဖြစ် လုပ်ဆောင်သည့် နေ့တစ်နေ့လည်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ် လူမှုရေးကဏ္ဍတွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူသော ဦးတည်ချက်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးတွင် လူတိုင်းပါဝင်သင်ကြားနိုင်အောင် ကျောင်းသင်ပညာရေး (Formal Education) နှင့်အတူ ကျောင်းပြင်ပပညာရေး (Non-Formal Education) တို့ဖြင့်ပါ သင်ကြားနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းပြင်ပပညာရေးဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများ ခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါ စဉ်ဆက်ပညာရေးအစီအစဉ်၌ ပါဝင်သည့် တန်းညှိပညာရေး အစီအစဉ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များကို သင်ကြားပေးပြီးနောက် လုပ်ငန်းခွင်များသို့ ချိတ်ဆက်ပို့ဆောင်ခြင်း၊ ကျောင်းသင်ပညာရေးဖြစ်သည့် အခြေခံပညာရေးသို့ အတန်းကူးပြောင်း၍ တက်ရောက်စေခြင်းတို့ကို ဖော်ဆောင်ရန် ဖြစ်ပါကြောင်း။

**အကျိုးကျေးဇူးများရရှိ**

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **"Promoting literacy for a world in transition: Building the foundation for sustainable and peaceful societies"** ကို မြန်မာမှု ပြုထားသည့် **"တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ဒေသတွင်း နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးကြောင်းကို ယူနက်စကို၏ Concept note ထုတ်ပြန်ချက်တွင် ဖော်ပြထားပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့်အတိုင်း ကျေးလက်ဒေသများနှင့် အစွန်အဖျားဒေသများပါမကျန် ကျောင်းသင်ပညာရေး နည်းလမ်းများအပြင် ကျောင်းပြင်ပပညာရေးနည်းလမ်းများဖြင့် "ပြည်သူများအတွက်" အတန်းပညာတတ်မြောက်ရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးအစီအစဉ်များပါဝင်သော ကျောင်းပြင်ပမူလတန်းပညာရေး၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များနှင့် ဘဝတစ်သက်တာသင်ယူမှုများရရှိနိုင်အောင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စေတနာရှင် အလှူရှင်များ၏ ပါဝင်မှုတို့ဖြင့် လူတိုင်းအတွက် ပညာရေးကို ဝိုင်းဝန်းဖော်ဆောင်ပေးရင်း **"တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"** ဆောင်ပုဒ်အတိုင်း လူတိုင်းစာတတ်မြောက်ရေးအတွက် ပူးပေါင်းပါဝင် လုပ်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ဆက်လက်၍ ၂၀၂၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ်ကိုယ်စား ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဖတ်ကြားပြီး စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု(Video Clip) ကို ပြသသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "တို့အင် တို့အား" သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတွင် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့်ဧည့်သည်တော်များသည် ၂၀၂၃ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှု(ဓါတ်ပုံ)ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဝန်ချိန်ပြည့်ဖြင့် ရထားစမ်းသပ်မောင်းနှင်မှုနှင့် တောင်ကြီးဘူတာကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် စက်တင်ဘာ ၆ရက်မှ၈ ရက်အထိမြန်မာ့မီးရထား အထွေထွေမန်နေဂျာများ၊ တိုင်းအမှတ်(၄) မှ တိုင်းတာဝန်ခံ အရာရှိများနှင့်အတူ အဆင့်မြှင့်တင် ပြုပြင်ထားသည့် ရွှေညောင်– တောင်ကြီးရထားလမ်းပိုင်းရှိပေါမူ၊ ထီသိမ် ဘူတာများ၊ ထီသိမ်အဝိုင်းပတ် ရထားလမ်း၊ ပင်းပက် – နောင်ကား – တောင်ကြီး ရထားလမ်းပိုင်း၌ ကျောက်ရထားဖြင့် လိုက်ပါ၍ ဝန်ချိန်ပြည့် စမ်းသပ်ပြေးဆွဲမှုနှင့် တောင်ကြီးဘူတာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အဆင့်မြှင့်တင် ပြုပြင်ထားသည့် ရွှေညောင် – တောင်ကြီး ရထားလမ်းပိုင်းကိုစစ်ဆေးပြီး အဆိုပါ ရထားလမ်းပိုင်းရှိ အချို့နေရာများတွင် ပက်ကင်ရိုက်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ တာပေါင်မြင့်သည့် နေရာများတွင် Toe Wall များ စနစ်တကျ တည်ဆောက်ရန်နှင့် လမ်းပိုင်းအတွင်း အသုံးပြုရန်မလိုတော့သည့် သံလမ်း၊ ကွန်ကရစ် ဇလီဖားနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျပြန်လည်သိမ်းဆည်းခြင်းနှင့် အမှိုက်ရှင်းလင်းခြင်းများ ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပင်းပက် – နောင်ကား – တောင်ကြီး ရထားလမ်း၌ ကျောက်ရထားဖြင့် ဝန်ချိန်ပြည့် စမ်းသပ်မောင်းနှင်မှုကို လိုက်ပါ စစ်ဆေးရာ သတ်မှတ်မိုင်နှုန်းအတိုင်း ကောင်းမွန်စွာ ပြေးဆွဲမောင်းနှင်နိုင်ကြောင်း တွေ့ရှိရပြီး ကျောက်ဖြည့်သွင်းရန် လိုအပ်သည့် နေရာများတွင် ကျောက်ထပ်မံဖြည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းပိုင်းအချောသပ်ခြင်း လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခန့်မှုရှိစေရေး မြေထိန်းနံရံများ စနစ်တကျ ဆောင်ရွက်ရန်၊ ရထားလမ်းတာပေါင် ရေတိုက်စားမှုနည်းစေရန်အတွက် မြက်ကပ်စိုက်ပျိုးထားမှုကို ရှင်သန်အောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် တောင်ကြီးဘူတာကိုစစ်ဆေးပြီး ရထားပြေးဆွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် အရေးကြီးသည့် Point နှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေးနှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း သိကောင်းစရာများ

အားမာန် (အလရ)

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို မဖြစ်မနေ သိရှိရမည်ဖြစ်သလို အလုပ်သမားများကို စီမံခန့်ခွဲသူများနှင့် ကာယ၊ ဉာဏ လုပ်သားကြီးများကလည်း မိမိတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကို သမားရိုးကျသဘောမထားဘဲ အလေးထားပြီး အလုပ်သမားရေးရာ ဥပဒေများရှိ ရပိုင်ခွင့်နှင့် တာဝန်များဆိုင်ရာကိစ္စကို မည်သို့သတ်မှတ်ထားကြောင်း လေ့လာသိရှိရန် လိုအပ်ပါသည်။ စာရေးသူအနေဖြင့် အရိုးသားဆုံးပြောရလျှင် နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရာတွင်လည်း မိမိတို့ဦးစီးဌာန စည်းကြပ်ဥပဒေများပါ အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့် တာဝန်များကိုသာ သိရှိသော်လည်း မူလအစ အလုပ်သမားများ၏ ရပိုင်ခွင့်က ဘာကိုဆိုလိုသလဲ၊ တာဝန်များကဘာလဲ၊ လုပ်သားကြီးများ၏ အခန်းကဏ္ဍက ဘယ်လောက်ထိ အရေးပါခဲ့သလဲ စသည်ဖြင့် ယေဘုယျသဘော သိရုံသာရှိခဲ့ပါသည်။ ထို့အတွက်ကြောင့် စာရေးသူလေ့လာမိခဲ့သမျှတို့မှ ကောက်နုတ်၍ စာဖတ်သူများသိရှိနိုင်ရန်အတွက် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ အလုပ်သမားလူတန်းစားသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့အတွက် လုပ်သားပြည်သူတို့၏ လှုပ်ရှားကြိုးပမ်းမှုသမိုင်းစဉ်တစ်လျှောက်လုံးတွင် တက်ကြွစွာပါဝင်ခဲ့ကြသည်ကို လေ့လာသိရှိခဲ့ရပါသည်။ ယင်းကာလအတွင်း အလုပ်သမားလူတန်းစား၏ ညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး နယ်ချဲ့အရင်းရှင်စနစ်ဆန့်ကျင်တိုက်ပွဲများတွင် ကိုယ်ကျိုးစွန့်လွှတ်သော သူရသတ္တိများကို ပြသခဲ့ကြရာတွင် အောင်မြင်မှုများရှိခဲ့၍ ဆုံးရှုံးမှုများလည်းရှိခဲ့သည်။

## အလုပ်သမားဟုဆိုရာတွင်

အလုပ်သမားဟုဆိုရာတွင် မိမိ၏ ကာယအား၊ ဉာဏအားကို မှီခိုလျက်ရှိ၍ ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူ လုပ်သားပြည်သူအားလုံးပင်ဖြစ်ပေသည်။ ငွေရင်းအင်အားကို မှီခို၍လုပ်ကိုင်ပြီး နေထိုင်စားသောက်သူများနှင့် ကွဲပြားခြားနားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ဤသို့သောသူများသည် ကျေးလက်တောရွာများတွင် လယ်ယာအလုပ်သမားများဖြစ်၍ မြို့များတွင် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနအလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအလုပ်သမားများ၊ အစိုးရရုံးနှင့် လုပ်ငန်းဌာနအသီးသီးမှ ရုံးလုပ်သားများ၊ ဉာဏအလုပ်သမားများ စသည်တို့သည်အဓိကဖြစ်ပါသည်။ ကျေးလက်တောရွာများတွင်ရှိသော လယ်ယာအလုပ်သမားများအတွက် နိုင်ငံတော်အစိုးရ၏ သီးသန့်လုပ်ငန်းတာဝန်များ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန အလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး အလုပ်သမားများ၊ လုပ်ငန်းဌာနအသီးသီးမှ ရုံးလုပ်သားများ၊ ဉာဏအလုပ်သမား စသည်တို့၏ ရပိုင်ခွင့်နှင့်တာဝန်များကို ပြောခြင်းဖြစ်ပါသည်။ အလုပ်သမားများအတွက် ရပိုင်ခွင့်နှင့် တာဝန်များကို ကွဲကွဲပြားပြား မသိရှိခြင်းကြောင့်လည်း အလုပ်သမားရေးရာပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

## အလုပ်သမားရေးရာပြဿနာများ

ဤနေရာတွင် အလုပ်သမားရေးရာပြဿနာများ မည်သည့်အချိန်က စတင်ပေါ်ပေါက်လာသည်ကို အနည်းငယ်တင်ပြချင်ပါသည်။ အလုပ်သမားရေးရာ ပြဿနာများသည် ကမ္ဘာပေါ်တွင် အလုပ်သမားရေးရာဥပဒေများ မပေါ်ပေါက်မီကပင် ရှိခဲ့ပေသည်။ ငွေကြေးဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ လုပ်ခယူလျက် အလုပ်လုပ်သော အလုပ်သမားဟူ၍ ကမ္ဘာပေါ်တွင် ပေါ်ထွန်းလာကတည်းကပင် အလုပ်သမားရေးရာ ပြဿနာများရှိခဲ့သည်။ မြေရှင် အရင်းရှင်များ ကြီးစိုးလွှမ်းမိုးသောခေတ်တွင် အလုပ်သမားရေးရာ ပြဿနာ အကြောင်းအရင်းခံသော အမှုများ တရားရုံးသို့ ရောက်လာပါက တရားရုံးသည် အလုပ်သမားကို ဖိနှိပ်သော ဆုံးဖြတ်ချက်များကိုသာ ချမှတ်လေ့ရှိခဲ့သဖြင့် အလုပ်သမား၏ အကျိုးစီးပွားသည် အကာအကွယ်မဲ့ဖြစ်ခဲ့ရသည်။ ၁၈ ရာစုခေတ်တွင် စက်မှုတော်လှန်ရေး (Industrial Revolution) ပေါ်ပေါက်သောအခါ အလုပ်သမားရေးရာပြဿနာများသည် ပိုမိုကျယ်ပြန့်လာပြီး တစ်ဖက်တွင် စက်ကိရိယာများကို တီထွင်အသုံးပြု၍ အလုပ်သမားအများဆုံးစေခိုင်းကာ ကုန်ပစ္စည်းအမြောက်အမြား ထုတ်လုပ်ရောင်းဝယ် ဖောက်ကားခြင်းဖြင့် စီးပွားရေးပြဿနာများ ကျယ်ပြန့်လာသလို၊ အခြားတစ်ဖက်တွင် ကလေးနှင့်မတန်သော အလုပ်လုပ်ရခြင်း၊ အမျိုးသမီးနှင့်မတန်သော အလုပ်လုပ်ရခြင်း၊ အလုပ်ချိန်များခြင်း၊ ကျန်းမာရေးအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်များ ပေါ်ပေါက်လာခြင်းစသည့် လူမှုရေး ပြဿနာများလည်း ကျယ်ပြန့်လာပါသည်။ ဤစီးပွားရေးနှင့် လူမှုရေးပြဿနာများသည် အလုပ်သမားရေးရာ ပြဿနာများပင် ဖြစ်ပေသည်။

## အလုပ်သမားရေးရာဥပဒေများ

စက်မှုတော်လှန်ရေးနှင့်အတူ အရင်းရှင်စနစ်လည်း အခိုင်အမာထွန်းကားလာပြီး အရင်းရှင်လူတန်းစားဟူ၍ လည်းကောင်း၊ အလုပ်သမားလူတန်းစားဟူ၍ လည်းကောင်း ကွဲကွဲပြားပြား ပေါ်ပေါက်လာခဲ့သကဲ့သို့ အလုပ်သမားရပိုင်ခွင့်များအတွက် တိုက်ပွဲဝင်သော အလုပ်သမားအစည်းအရုံးများလည်း ပေါ်ပေါက်လာပါသည်။ ထို့ကြောင့် အလုပ်သမားရေးရာပြဿနာများသည် အုပ်ချုပ်သူလူတန်းစားက လုံးဝလျစ်လျူရှုထား၍ မရသော ပြဿနာများဖြစ်လာပြီး အလုပ်သမားရေးရာ ဥပဒေများသည် စတင်ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု သိရှိရသည်။ ကမ္ဘာပေါ်တွင် ရှေးဦးပေါ်ထွက်လာသော အလုပ်သမားရေးရာဥပဒေမှာ ၁၈ ရာစုခေတ်ဦးပိုင်းတွင် အင်္ဂလန်နိုင်ငံ၌ ပြဋ္ဌာန်းသော အလုပ်ရုံ၊ အလုပ်သမားများဆိုင်ရာဥပဒေဖြစ်ပြီး နောင်တွင် အခြားသော အလုပ်သမားရေးရာဥပဒေများ တဖြည်းဖြည်း ပေါ်ထွက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ်တွင် သမိုင်း၏တောင်းဆိုချက်အရ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာခဲ့ပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးကို အခြေခံသော ဝါဒသဘောထား ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်ပါ အသွင်ကူးပြောင်းရေးကာလနှင့် လျော်ညီသော လူထုလူတန်းစားစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရေး သဘောထားနှင့်အညီ အလုပ်သမားရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် သဘောထားတစ်ရပ်ကို တော်လှန်ရေးကောင်စီအစိုးရက ၁၉၆၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ယင်းသဘောထားကို အကောင်အထည်ဖော်ရေးအတွက် ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ ပေါက်ဖွားလာခဲ့ပေသည်။

## မြန်မာနိုင်ငံအလုပ်သမားဥပဒေသမိုင်း

ယင်းဥပဒေသည် မြန်မာနိုင်ငံအလုပ်သမားဥပဒေသမိုင်းတွင် ပထမဆုံးသော အလုပ်သမားများ၏အကျိုးကို အကာအကွယ်ပြုသည့် မူဝါဒရေးရာဥပဒေကြီးဖြစ်ခဲ့ပြီး အလုပ်သမားရပိုင်ခွင့် ၁၄ မျိုးဖြစ်သည့် အလုပ်လုပ်ပိုင်ခွင့်၊ လုပ်ခွင်တည်မြဲပိုင်ခွင့်၊ အားလပ်ချိန်ရပိုင်ခွင့်၊ ပညာသင်ပိုင်ခွင့်၊ မီးဖွားသည့်အခါရပိုင်ခွင့်၊ နာမကျန်းဖြစ်သည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ အလုပ်ခွင်တွင်

စာမျက်နှာ ၁၁ သို့




| စဉ် | ဥပဒေ၊ နည်းဥပဒေများအမည် | ကြီးကြပ်သည့် ဦးစီးဌာန |
|---|---|---|
| ၁ | ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၂ | ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃ | ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄ | ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅ | ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆ | ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေများ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၇ | ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၈ | ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေများ | လူမှုဖူလုံရေးအဖွဲ့ |
| ၉ | ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ၊ နည်းဥပဒေများ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၀ | ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၁ | ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ၊ နည်းဥပဒေများ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၂ | ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ၊ နည်းဥပဒေများ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၃ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၁၄ | ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ | အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန |

**“ကမ္ဘာပေါ်တွင် ရှေးဦးပေါ်ထွက်လာသော အလုပ်သမားရေးရာဥပဒေမှာ ၁၈ ရာစုခေတ်ဦးပိုင်းတွင် အင်္ဂလန်နိုင်ငံ၌ ပြဋ္ဌာန်းသော အလုပ်ရုံ၊ အလုပ်သမားများဆိုင်ရာဥပဒေဖြစ်ပြီး နောင်တွင် အခြားသော အလုပ်သမားရေးရာဥပဒေများ တဖြည်းဖြည်းပေါ်ထွက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၉၆၂ ခုနှစ်တွင် သမိုင်း၏တောင်းဆိုချက်အရ တော်လှန်ရေးကောင်စီပေါ်ပေါက်လာခဲ့ပြီး ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးကို အခြေခံသော ဝါဒသဘောထား ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်”**

# အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်တက္ကသိုလ်၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ "လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့ (Together for Clean Air)" ဆောင်ပုဒ်ဖြင့် စက်တင်ဘာ ၇ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်အမှာစကားပြောကြားသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အခမ်းအနားနှင့် ပညာပေးလှုပ်ရှားမှုအစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသော ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာအုပ်များ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ အမှတ်တရဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လေအရည်အသွေးတိုင်းတာသည့်စက်များ ပါရှိသည့် မော်တော်ယာဉ်ကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် ဆောင်ရွက်ခြင်းအကြောင်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သဘာဝပတ်ဝန်းကျင်နှင့် ရေပညာဌာန၊ ပါမောက္ခဌာနမှူးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်လေ့လာထိန်းသိမ်းမှုပညာအထူးပြု စတုတ္ထနှစ်ကျောင်းသူတစ်ဦးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လည်းကောင်း ပြောကြားခဲ့ကြပြီး ညွှန်ကြားရေးမှူးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းသက်သာစွာရောင်းချ

**မြို့သစ် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့သစ်မြို့နယ် ဆီကုန်သည်များအသင်းနှင့် ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ အခြေခံစားသောက်ကုန်ဖြစ်သည့် စားသုံးဆီများကို ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်စေရေးအတွက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

မြို့သစ်မြို့ ဈေးရပ်ကွက် ဗိုလ်မင်းရောင်လမ်းပေါ်ရှိ သီဟထွန်းဆီစက်၊ ဆန်စက်နှင့် သီးနှံစုံရောင်းဝယ်ရေးနှင့် သိန်းကမ္ဘာဆီရောင်းဝယ်ရေးအရောင်းဆိုင်တို့တွင် စက်တင်ဘာ ၆ ရက်က ရောင်းချပေးခဲ့ရာ မြို့သစ်မြို့ပေါ် ရပ်ကွက်ငါးခုရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၇၇၀ အားအိမ်ထောင်စုတစ်စုလျှင် စားသုံးဆီတစ်ပိဿာနှုန်းဖြင့် စုစုပေါင်း ဆီပိဿာ ၇၇၀ ကို တစ်ပိဿာလျှင်ကျပ် ၄၇၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၇ ရက်တွင်လည်း ဆက်လက်ရောင်းချပေးခဲ့ကြောင်း သိရသည်။



**ကိုဇော်ဇော် (ပြန်/ဆက်)**

# ရွှေအသိပညာပေး(အခမဲ့)သင်တန်း ဖွင့်လှစ်ပို့ချ

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ (၂၈)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းကို အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ စက်တင်ဘာ ၃ ရက်မှစ၍ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းပထမနေ့တွင် ရွှေတူးဖော်ခြင်းဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် (သိန်းသန်းစိန်ရွှေရတနာဆိုင်)နှင့် ဆရာဦးတင်နိုင်ထွန်း (ဘူမိဗေဒပညာရှင်) တို့က ဗီဒီယိုပရိုဂျက်တာဖြင့် သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်ပညာရှင်များက ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းတိမ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ အသုံးချရွှေသချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်းပညာရပ်တို့ကို ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းကို လစဉ်ဖွင့်လှစ်လျက်ရှိပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

*စာမျက်နှာ ၁၀ မှ*

ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးရပိုင်ခွင့်၊ အခြားအကြောင်းများကြောင့် အလုပ်မလုပ်နိုင်သည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ အိုမင်းမစွမ်းသည့်အခါ လုံခြုံမှုရပိုင်ခွင့်၊ လုပ်အား၊ အတတ်ပညာနှင့် လျော်ညီစွာ မျှတသော လုပ်ခရပိုင်ခွင့်၊ နေထိုင်စားသောက်မှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်၊ ယဉ်ကျေးမှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်၊ အမျိုးသား၊ အမျိုးသမီးတန်းတူရပိုင်ခွင့်၊ အလုပ်ခွင်သာယာရေးတို့နှင့် တာဝန် (၆) ရပ် ဖြစ်သည့် ဆိုရှယ်လစ်စည်းကမ်းထိန်းသိမ်းမှုတာဝန်၊ ပြည်သူပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ကုန်ထုတ်အရင်းအနှီးနှင့်ကိရိယာများ၊ ပြည်သူပိုင်နှင့် သမဝါယမပိုင်ကုန်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်၊ ပြည်သူ့အလုပ်သမားတို့၏ ထုတ်လုပ်ရေးစွမ်းအားတိုးတက်ရေးနှင့် ပတ်သက်သည့်တာဝန်၊ ပြည်သူ့အလုပ်သမားတို့၏ ရပိုင်ခွင့်များနှင့် ပတ်သက်သည့်တာဝန်၊ ပြည်သူ့အလုပ်သမားတို့၏ ညီညွတ်ရေးနှင့်ပတ်သက်သည့်တာဝန်၊ ဆိုရှယ်လစ်စီမံကိန်းနှင့်ပတ်သက်သည့် တာဝန်တို့ကို အထူးပြုဖော်ပြရမည်ဟု ပြဋ္ဌာန်းခဲ့သလို အလုပ်သမားရပိုင်ခွင့်နှင့်တာဝန်များကို အခြေခံပါဝင်သော အလုပ်သမားဥပဒေ ၂၁ ခုအား နည်းဥပဒေများအဖြစ် မှတ်ယူ၍ ပြဋ္ဌာန်းခဲ့ပါသည်။

**အလုပ်သမားရေးရာ စိစစ်ရေးကော်မတီအဆင့်ဆင့်**

အဆိုပါကာလအတွင်း တည်ရှိခဲ့သည့် ဥပဒေများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူဝါဒ၊ နိုင်ငံရေး၊ လူမှုရေးစနစ်များနှင့်အညီ စိစစ်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို အလုပ်သမားများ၏ အခွင့်အရေးများအား ကန့်သတ်ချက် တစ်စုံတစ်ရာမရှိဘဲ အလုပ်သမားရေးရာစိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ ဆောင်ရွက်ကျင့်သုံးခဲ့ကြသည်။ ယနေ့အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်တာဝန်များကို အကာအကွယ်ပေးသည့် ဥပဒေများကို စီမံခန့်ခွဲနေသော အဖွဲ့အစည်းတစ်ရပ်မှာ အလုပ်သမားဝန်ကြီးဌာနဖြစ်ပြီး အလုပ်သမားရေးရာဥပဒေများက ခွင့်ပြုထားသည့် ရပိုင်ခွင့်များကို အလုပ်သမားများက အပြည့်အဝခံစားနိုင်အောင် မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားရေးရာဥပဒေများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် သုံးသပ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်၊ တာဝန်များနှင့်စပ်လျဉ်း၍ လုပ်သားပြည်သူတိုင်း အလုပ်သမားဆိုင်ရာဥပဒေများကို လေ့လာမှတ်သားသင့်သောကြောင့် အလုပ်သမားဝန်ကြီးဌာန၏ စစ်ဆေးစည်းကြပ်စီမံခန့်ခွဲရသော ဥပဒေ၊ နည်းဥပဒေများကို ပူးတွဲပါဇယားအတိုင်း ဖော်ပြလိုက်ရပါသည်-

လက်ရှိအခြေအနေအရ အလုပ်သမားများ၏ ရပိုင်ခွင့်ကို ကာကွယ်ပေးသောဥပဒေများ ရှိသင့်သလောက်ရှိပြီးဖြစ်သော်လည်း ပြည့်စုံလုံလောက်မှုရှိပြီလား၊ ထိုရှိပြီးဥပဒေများကို လက်တွေ့ကျင့်သုံးရာ၌ အလုပ်သမားများက အပြည့်အဝခံစားနေရပြီလားဆိုသည်ကို အလုပ်သမားရပိုင်ခွင့်များကို တာဝန်ယူဆောင်ရွက်နေကြရသည့် လုပ်သားထုကြီး၏ အကျိုးစီးပွားကို ဖြည့်စွမ်းနိုင်သော ဝန်ကြီးဌာနတစ်ခုအနေဖြင့် လေ့လာသုံးသပ်ပြီး ဥပဒေပါရပိုင်ခွင့်များ ခံစားခွင့်ရရှိနိုင်အောင် ရေးရှုကြိုးပမ်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်ငန်းခွင် သာယာတည်ငြိမ်အေးချမ်းဖို့နှင့် ကုန်ထုတ်စွမ်းအားတိုးတက်ဖို့ဆိုရာတွင် အလုပ်သမားများက ၎င်းတို့၏ ရပိုင်ခွင့်နှင့်တာဝန်များကို ကွဲပြားစွာသိရှိခြင်းကလည်း အရေးကြီးသည့်အချက်တစ်ခုဖြစ်ပါသည်။ နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ကာယ၊ ဉာဏ အလုပ်သမားကြီးများအနေဖြင့် အလုပ်သမားဆိုင်ရာဥပဒေများရှိ မိမိတို့၏ ရပိုင်ခွင့်များနှင့် တာဝန်များကို သိရှိနေစေရန်၊ လေ့လာမှတ်သားကြရန်နှင့် ရပိုင်ခွင့်များကိုလည်း စနစ်တကျ ဆွေးနွေးတောင်းဆိုကြရန် လိုပါသည်။ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များ မယုတ်လျော့စေရန် ပထမဦးစားပေးအလေးထား ဆောင်ရွက်ပေးရမည့် အပြင် မျှတစာနာစိတ်ထားပြီး မိမိလုပ်ငန်းရှိလုပ်သားကြီးများအား ကာယကံရှင်၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် အကျိုးခံစားခွင့်ပေးရေး စနစ်တကျစီမံဆောင်ရွက်ပေးရန်နှင့် မိသားစုစားဝတ်နေရေးကို မိသားစုစိတ်ဓာတ်ဖြင့် တတ်နိုင်သည့်ဘက်မှ ထောက်ပံ့ပေးရန် တိုက်တွန်းလိုပါသည်။

အလုပ်သမားများ၏ ရပိုင်ခွင့်များကို ရသင့်သလောက် ရရှိစေရန် အလုပ်သမားအချင်းချင်း စည်းလုံးမှုရှိခြင်း၊ နိုင်ငံတော်မှ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်း၍ အခွင့်အရေးနှင့် တာဝန်များ ပေးအပ်ထားသကဲ့သို့ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် ဥပဒေနှင့်အညီ လေးစားလိုက်နာရမည်ဖြစ်ရာ ဥပဒေတွင်မပါရှိသော အကြောင်းအရာကိစ္စရပ်များ ဖြစ်ခဲ့ပါက အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်ညှိနှိုင်း၍ဖြစ်စေ၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်း၍ဖြစ်စေ၊ လုပ်သားပြည်သူတို့၏ လူနေမှုအခြေအနေများကို ပို၍ပို၍ တိုးတက်ကောင်းမွန်စေရေး စဉ်ဆက်မပြတ် ကြံဆောင်နေသည့် တိုးတက်ရေးအမြင်နှင့် အကောင်းအဆိုးဒွန်တွဲနေသောသဘာဝကို သိနားလည်ရင်း မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်လုပ်ငန်း၊ မည်သည့်ဖြစ်စဉ်၊ မည်သည့်အခြေအနေ၊ မည်သည့်အသွင်သဏ္ဌာန်မှာမဆို အပြုသဘောဆောင်သော လက္ခဏာများ၊ ကောင်းသောအသွင်အပြင်နှင့် အစိတ်အပိုင်းများ၊ ပိုမိုကောင်းမွန်သော အလားအလာကောင်းများကို ရှေးရှု၍ ပိုမိုကောင်းမွန်သော အခြေအနေသို့ရောက်အောင် သဘာဝကျကျ ပေါင်းစပ်တည်ဆောက်ပြီး စံပြုချက်ရယူဆောင်ရွက်သွားလျှင် လုပ်ငန်းခွင်အေးချမ်းသာယာပြီး တိုင်းပြည်၏ GDP တိုးတက်ရေး စွမ်းအားပြည့်ကုန်ထုတ်လုပ်မှုကို တိုးတက်စေရန် ဆောင်ရွက်ပေးလာနိုင်မည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဆန်၊ ဆီနှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ၊ ဒေသအလိုက် ကုန်ဈေးနှုန်းများတည်ငြိမ်စေရေးအတွက် အကျိုးရှိသည့်နည်းလမ်းများကို ဖော်ထုတ်ပြီး သက်ဆိုင်ရာကော်မတီများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်အတွင်း ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဒေသတွင်း နေထိုင်သူများဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်ကြောင်း၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်တက်မှုကို တတ်နိုင်သမျှ တည်ငြိမ်အောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဓိကအခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ၊ ဒေသအလိုက် ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် အကျိုးရှိသည့်နည်းလမ်းများကို ဖော်ထုတ်ပြီး သက်ဆိုင်ရာကော်မတီများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့ အစည်းများနှင့်လုပ်ငန်းရှင်များအားလုံးက ပူးပေါင်းပြီး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် လုံလောက်စွာ ဝင်ရောက်စေရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသတွင်းကုန်ထုတ်လုပ်ငန်း တိုးတက်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ MSME အသင်းမှတာဝန်ရှိသူက လုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဥတ္တရခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ဖြည့်ဆည်းပေးပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှုဌာနက တည်ဆောက်ထားသည့် ပုဗ္ဗသီရိမြို့နယ်ရှိ တင်းဝါးရေလှောင်တမံသို့ ရောက်ရှိကာ ရေလှောင်တမံအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာသီရိပဗ္ဗတာကျောင်းတိုက်သို့သွားရောက်ပြီး မင်္ဂလာသီရိပဗ္ဗတာကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာဝံသအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် နေပြည်တော် ပျဉ်းမနားမြို့နယ် အထက(၂)၌ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနား တက်ရောက်အားပေး



နေပြည်တော် စက်တင်ဘာ ၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်ပညာ၊ အသိပညာ ပြည့်ဝသည့် လူငယ်များ လိုအပ်ကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် “တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး” နှင့်“နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး” ဆိုသည့် ဦးတည်ချက်နှစ်ရပ် ပါဝင်ကြောင်း၊ ပညာပြည့်စုံပြီး စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့် လူငယ်များဖြစ်အောင် မိဘ၊ ဆရာ၊ ဆရာမများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြစေလိုကြောင်း။**

ထို့ကြောင့် လူငယ်များသည် ငယ်စဉ်အခါ ပညာရှာရာတွင် အတန်းအောင် စာတတ်ရုံသာမက တစ်ဦးချင်းစီ၏ ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများ ပြည့်ဝအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာပြည့်ဝရုံသာမက ကျန်းမာသန်စွမ်းကြရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ကြရန်၊ မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်း ဆက်ဆံတတ်ရန် စသည့် အရည်အချင်းများလည်း ပြည့်ဝရန်လိုကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် ကြိုးစားသင်ယူလေ့လာ ကျင့်ကြံသွားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူမြင့်က လက်ခံရယူသည်။ ဆက်လက်၍ စာရေးဆရာမသက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ ဖျော်ဖြေရေး တီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင်မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူလူငယ်များ ဗဟုသုတရရှိစေရန် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် လူထုအခြေပြု ဗဟိုဌာန (ပျဉ်းမနား) က ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း စသည့် ပျော်ရွှင်ဖွယ် Game များကစား၍ အနိုင်ရရှိသူအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့် (ရောဝတီ) မိသားစုက လှူဒါန်းသော ဘောလ်ပင်နှင့် စာအုပ်များ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ် (မြန်/ဆက်)**



# ပုသိမ်ကြီးမြို့နယ်၌ သမဝါယမအသင်းစုအရပ်ရပ်ဆိုင်ရာ စည်းဝေး

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အစားထိုး ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မြို့နယ်အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေတို့က အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးမှူး ဒေါ်တင်မိုးနွယ်က သမဝါယမလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေစာရင်းများအား ဖတ်ကြားခြင်း၊ မြို့နယ်အသင်းစု ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူခဲ့ပြီးနောက် Exim Bank အပြေအကြေပေးဆပ်ပြီး တာဝန်ကျေသော အခြေခံသမဝါယမအသင်းများအား အသင်းရန်ပုံငွေများကို ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အသင်းတာဝန်ခံများထံ အသီးသီးပေးအပ်သည်။ **ဇာနည်ကိုကို**

## ဩစတြေးလျနှင့် ဖိလစ်ပိုင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစာချုပ် လက်မှတ်ရေးထိုး

**မနီလာ စက်တင်ဘာ ၈**

ဩစတြေးလျနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်စာချုပ်တွင် လက်မှတ်ရေးထိုးပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့သည်။ လုံခြုံရေး အပါအဝင် အခြားသောနယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက် ကြရန်လည်း သဘောတူညီခဲ့သည်။

ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်ဘတ်နီးစ်သည် ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာသို့ ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန် မားကို့စ်ဂျူနီယာနှင့် တွေ့ဆုံခဲ့သည်။ အန်တိုနီ အယ်ဘတ်နီးစ်သည် ဆယ်စုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ပထမဆုံး ဩစတြေးလျဝန်ကြီးချုပ်



ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘတ်နီးစ်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာ။

ဖြစ်သည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် မဟာဗျူဟာမြောက် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်သည် နှစ်နိုင်ငံဆက်ဆံရေးကို နောက်တစ်ဆင့်သို့ တက်လှမ်းစေသည်။ ၂၀၁၅ ခုနှစ်ကလည်း နှစ်နိုင်ငံ သဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့သည်။

ဩစတြေးလျနှင့် ဖိလစ်ပိုင် နှစ်နိုင်ငံတို့သည် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ဖန်တီးရာတွင် ကူညီပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဩစတြေးလျ ဝန်ကြီးချုပ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးအတွက် နယူးဒေလီမြို့၌ လုံခြုံရေးတင်းကျပ်

**နယူးဒေလီ စက်တင်ဘာ ၈**

ဂျီ - ၂၀ ထိပ်သီးအစည်းအဝေး မတိုင်မီ အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် လုံခြုံရေး တင်းကျပ်မှုများ ပြုလုပ်နေသည်။ စက်တင်ဘာ ၉ ရက်တွင် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးကို နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်သည်။ စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းမှ စတင်ကာ ဂျီ - ၂၀ ထိပ်သီး ခေါင်းဆောင်များ နယူးဒေလီမြို့သို့ တဖွဲဖွဲလာရောက်ကြမည်ဟု ခန့်မှန်းထားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် လုံခြုံရေးရယူရန် ရဲအရာရှိပေါင်း ၈၀၀၀၀ ခန့်ကို တပ်ဖြန့်ချထားသည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။ မြို့လယ်ခေါင်နှင့် လေဆိပ်အနီး တစ်ဝိုက်တွင် လုံခြုံရေးများ တင်းကျပ်ထားသည်။ တချို့နေရာများတွင် ယာဉ်အသွားအလာ ကန့်သတ်မှုများ ပြုလုပ်ထားသည်။ ကမ္ဘာလှည့်ခရီးသွားများကို အဓိကဆွဲဆောင်ရာနေရာဖြစ်သည့် အိန္ဒိယဂိတ်ကိုလည်း ပိတ်ထားသည်။



ထိပ်သီး အစည်းအဝေး ကျင်းပမည့် နေရာအနီးတစ်ဝိုက်တွင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒရာမိုဒီ၏ ပုံပါသည့် ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားသည်။ စနေနှင့် တနင်္ဂနွေနေ့တွင် ပြုလုပ်မည့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေး တင်းကျပ်သော ယာဉ်ကြောပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဟုလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ရှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံရှိ

**ဖနောင်ပင် စက်တင်ဘာ ၈**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ပြီး ယမန်နှစ် အလားတူကာလက ဒေါ်လာ ၁၅ ဒသမ ၆၄ ဘီလီယံထက် ၀ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း စက်တင်ဘာ ၈ ရက်က ထုတ်ပြန်သည့် အကောက်ခွန်နှင့် ယစ်မျိုးဌာန အထွေထွေ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ယမန်နှစ် အလားတူကာလက ကန်ဒေါ်လာ ၈၀၄ ဒသမ ၆ သန်းမှ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဒေါ်လာသန်း ၉၄၀ မှ ၁၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဗီယက်နမ်ပြီးလျှင် ကမ္ဘောဒီးယားနိုင်ငံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်သည်။

ကမ္ဘောဒီးယားမှ အဓိကတင်ပို့သည့် ကုန်စည်များမှာ အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားထုတ်ကုန်ပစ္စည်းများ၊ စက်ဘီးများ၊ ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ ငှက်ပျောသီး၊ သရက်သီးနှင့် နှင်းသီးများ စသည်တို့ဖြစ်သည်။




တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှု သိသိသာသာ မြင့်တက်လာခြင်းနှင့် ပတ်သက်၍ ကမ္ဘောဒီးယားစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးအကဲ ပင်န်ဆိုဗီချိက ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ကမ္ဘောဒီးယား - တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်တို့သည် နိုင်ငံ၏ ကုန်သွယ်မှုကို ဖွံ့ဖြိုးရေးအတွက် တွန်းအားပေးခဲ့ကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

## အပူပိုင်းမုန်တိုင်းကြောင့် ဂျပန်နိုင်ငံ ဒေသအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရထားလိုင်းအချို့ ဆိုင်းငံ့ထား

**တိုကျို စက်တင်ဘာ ၈**

အပူပိုင်းမုန်တိုင်းတစ်ခု၏ အရှိန်ကြောင့် ဂျပန်နိုင်ငံ ဒေသအတော်များများတွင် မိုးများသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း အပူပိုင်းလေဖိအားနည်းရပ်ဝန်းတစ်ခုအဖြစ် အားပျော့သွားမည်ဟု ခန့်မှန်းကြောင်း မိုးလေဝသအရာရှိများက ပြောကြားထားသည်။

ယွန်ယန်အပူပိုင်းမုန်တိုင်းသည် စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ရှီဆူအိုကာခရိုင်၏ တောင်-အနောက်တောင်ဘက်တွင်ရှိခဲ့ကြောင်းနှင့် ယင်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး မုန်တိုင်းအရှိန်ကြောင့် ဂျပန်နိုင်ငံ ဒေသအများစုတွင် မိုးပိုလျက်ရှိကြောင်း မိုးလေဝသအရာရှိများက ပြောကြားသည်။

ချီဘာ၊ အီဘာရာကီ၊ ဖူကူရှိမာခရိုင်နှင့် အီဇူကျွန်းများတွင် ရွှံ့မြေပြိုကျမှုများဖြစ်ပွားနိုင်သည့် သတိပေးချက်များ ထုတ်ပြန်ထားသည်။

ချီဘာနှင့် အီဘာရာကီခရိုင်ရှိ ဒေသအချို့တွင် တစ်နာရီလျှင် မိုးရေချိန် ၁၀၀ မီလီမီတာအထိရှိမည်ဟု မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ ချီဘာခရိုင်ရှိ တချို့ဒေသများတွင် မြစ်ရေလျှံခြင်းများ ဖြစ်ပွားလျက်ရှိသည်။ ထို့အပြင် အီချီဟာရာမြို့တွင်လည်း အမြင့်ဆုံး အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားသည်။

တိုကျိုမြို့၌လည်း မိုးများရွာသွန်းလျက်ရှိသည်။ ဂျပန်နိုင်ငံ အရှေ့ပိုင်းရှိ တချို့ရထားလိုင်းများကို သတ်မှတ်ထားသည့်အတိုင်း ဆိုင်းငံ့ထားသော်လည်း တချို့ရထားလိုင်းများမှာ ပြေးဆွဲလျက်ရှိသည်။ မိုးရွာသွန်းမှုကြောင့် မြေပြိုကျမှု သတင်းများရှိသော်လည်း ထိခိုက် ဒဏ်ရာရရှိသူမရှိကြောင်းနှင့် ရဲများနှင့် မီးသတ်သမားများက အပျက်အစီးများကို ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ မုန်တိုင်းကြောင့် မိုးသက်လေပြင်းများနှင့်အတူ မိုးကြိုးမုန်တိုင်းများ ဂျပန်နိုင်ငံ အရှေ့ပိုင်းတွင် ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## ဂါဇာဒေသ အဓိကဝင်ပေါက်ကို ငါးရက်ကြာ ပိတ်ဆို့ပြီးနောက် အစ္စရေးတို့ ပြန်လည်ဖွင့်ပေး

**ဂါဇာ စက်တင်ဘာ ၈**

ဂါဇာ ကမ်းမြောင်ဒေသသို့ အဓိကကုန်ပစ္စည်းများ တင်သွင်းရာ ကီရန်ရှလွန် နယ်စပ်ဖြတ်ကျော်ရေးဂိတ်ကို ငါးရက်ကြာ ပိတ်ဆို့ထားပြီးနောက် အစ္စရေးတို့က ပြန်လည်ဖွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်ဟု ပါလက်စတိုင်းအာဏာပိုင်များက စက်တင်ဘာ ၈ ရက်တွင် ပြောသည်။

ကီရန်ရှလွန် နယ်စပ်ဂိတ်ကိုဖြတ်၍ ကုန်ပစ္စည်းများတင်ပို့မှုကို ပြန်လည်စတင်မည်ဟု အစ္စရေးဘက်မှ တရားဝင်အကြောင်းကြားလာကြောင်း ပါလက်စတိုင်းအာဏာပိုင်များက ဆင်ဟွာသို့ပြောသည်။ ဂါဇာမှ အစ္စရေးသို့ တစ်ခုတည်းသော ကုန်ပစ္စည်းတင်ပို့ရာနေရာဖြစ်သည့် ကီရန်ရှလွန်ဂိတ်မှ ကုန်ပစ္စည်းများတင်ပို့မှုကို ပြီးခဲ့သည့် အင်္ဂါနေ့တွင် အစ္စရေးတို့ဘက်မှ ရပ်ဆိုင်းခဲ့သည်။

အဆိုပါဂိတ်မှ ဖောက်ခွဲရေးပစ္စည်းများ မှောင်ခိုသွင်းမှုကို ရပ်တန့်ရန်ကြိုးပမ်းမှုတစ်ခုဟု ပါလက်စတိုင်းနှင့် အစ္စရေးသတင်းအရင်းအမြစ်များအရ သိရသည်။ ငါးရက်ကြာပိတ်ဆို့မှုအတွင်း ဂါဇာ အခြေစိုက်စီးပွားရေးသမားများနှင့် လူ့အခွင့်အရေးအုပ်စုများက အဆိုပါ ဖြတ်ကျော်ရေးဂိတ်ကို ပြန်လည်ဖွင့်ပေးရေး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ အစ္စရေးကို ဖိအားပေးကြရန် တောင်းဆိုခဲ့ကြသည်။ **ဆင်ဟွာ**

## ဂရိရေကြီးမှု ခြောက်ဦးသေဆုံး

**အေသင် စက်တင်ဘာ ၈**

ဂရိနိုင်ငံအလယ်ပိုင်း၌ ယခုသီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားရာ သေဆုံးသူခြောက်ဦးအထိ ရှိလာပြီဖြစ်သည်။ စက်တင်ဘာ ၇ ရက် အစောပိုင်းက သေဆုံးသူ လေးဦးရှိခဲ့ကြောင်းနှင့် ပျောက်ဆုံးသူခြောက်ဦးရှိခဲ့ကြောင်း ပြည်သူ့ကာကွယ်ရေးနှင့် ရာသီဥတု ဘေးဒုက္ခအကျပ်အတည်းဆိုင်ရာ ဝန်ကြီး ဗာဆီလစ်ကီကီလီးယက်စ်က အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် ကျေးရွာဒေသများ၌ လူ ၆၄ ဦး နေအိမ်အတွင်း ပိတ်မိနေကြောင်းနှင့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို တစ်အိမ်တက်ဆင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံတစ်ဝန်း လူပေါင်း ၈၂၀ ကယ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဂရိဝန်ကြီးချုပ် ခါရီယာကို့စ်မစ်ဆိုတာကစ်သည် ရေကြီးမှုဖြစ်ပွားနေသည့် ဒေသများသို့ သွားရောက်လေ့လာခဲ့သည်။ **ဆင်ဟွာ**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက UNESCO ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေး အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး ၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ၂၀၁၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဒို့အင်ဒို့အား" သီချင်းဖြင့် ဖွင့်လှစ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** တာဝန်ရှိသူတစ်ဦးက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာအား ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရေးဆောင်ရွက်ခဲ့မှု Video Clip များအား ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများ၏ သီချင်းများဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော်ဆေးရုံကြီး(ခုတင် - ၁၀၀၀)၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အတွဲ(၃၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု အတွဲ(၃၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော် ဆေးတက္ကသိုလ်၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ အငြိမ်းစား ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးများ၊ တပ်မတော်ဆေးရုံ/ ဆေးတပ်များမှ တပ်မှူးများ၊ အငြိမ်းစားတပ်မှူးများ၊ အငြိမ်းစား ပါမောက္ခ ဆရာကြီး/ဆရာမကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ်မှ ပါမောက္ခ/ ဌာနမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ထိုသို့ ပထမဆုံး ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၁၉၉၅ ခုနှစ်တွင် တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)၌ ပြုလုပ်နိုင်ခဲ့ကြောင်း၊ဗြိတိန်နိုင်ငံမှ ကျောက်ကပ်ခွဲစိတ်ကုသမှုအဖွဲ့နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါမောက္ခဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခဆရာဝန်ကြီးများဦးဆောင်ပြီး လူနာ ၅ တွဲကို ပထမဆုံးအနေဖြင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း စင်ကာပူနိုင်ငံမှ ပါမောက္ခဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါမောက္ခဆရာဝန်ကြီးများ ပူးပေါင်း၍ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် လူနာအတွဲစုစုပေါင်း ၁၉ တွဲ ကို ခွဲစိတ်အောင်မြင်ခဲ့ကြောင်း သိရသည်။

ဆေးဝန်ထမ်း တပ်ဖွဲ့အတွင်း ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌သာ ပြုလုပ်ခဲ့ရာမှ ၂၀၁၁ ခုနှစ်မှစတင်၍ တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၌လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစတင်၍ တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၌လည်းကောင်း အသီးသီးကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော် ဆေးရုံကြီး (ခုတင် - ၁၀၀၀) တွင် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုပေါင်း (၃၀၀)တွဲကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ယခုဆိုလျှင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုပေါင်း ၄၃၅ တွဲကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ ***ကျော့ဖုံးမှ***

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိပ်သာမြို့နှင့် ဟသ္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အုတ်တွင်းမြို့နယ် ဖောဓိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်ချစ်ဆွေနှင့်ရဲတပ်ဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ကိုင်းဒါးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၆ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဇော်ဘီ



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့တွင် ၆ ဒသမ ၉၃ လက်မ၊ ဂွမြို့တွင် ၅ ဒသမ ၈၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၆၇ လက်မ၊ ကျောက်တော်မြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် ၃ ဒသမ ၂၃ လက်မစီ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၀၇ လက်မနှင့် မာန်အောင်မြို့တွင် ၂ ဒသမ ၉၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အသိပညာတိုးတက်ရေးနဲ့ လူတိုင်းလက်လှမ်းမီသော ဘက်စုံပညာရေးဆီသို့ . . .

**ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ နိုင်ငံသားပီသဖို့ အရေးကြီးဆုံးအရည်အချင်းက ဉာဏ်အမြော်အမြင် (Intelligence) ဖြစ်ပါတယ်။ ဉာဏ်အမြော်အမြင်ဆိုတာ အခြေခံပညာနဲ့ ဗဟုသုတအတွေ့အကြုံတွေ ပေါင်းစပ်ထားတာဖြစ်ပါတယ်။ ပညာတတ်မှသာ လူတစ်ဦးချင်း ဂုဏ်သိက္ခာကို မြင့်မားစေသလို ပညာတတ်တွေ ပေါများတဲ့ နိုင်ငံကသာ ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ ဆုံးဖြတ်နိုင်ခြင်း၊ ထွန်းလင်းတောက်ပနိုင်ခြင်းတွေနဲ့ ပြည့်စုံမှာ ဖြစ်ပါတယ်။**

**မေဦးမိုး**

မိမိတို့နိုင်ငံက အရေးပေါ်အခြေအနေ ကာလတစ်ရပ်ကိုဖြတ်သန်းနေပြီး နိုင်ငံတော်အစိုးရအနေနဲ့ အခြေအနေနဲ့ အချိန်အခါအလိုက် လိုက်လျောညီထွေဖြစ်အောင် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာတွေမှာ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါတယ်။ တခြားအရေးကိစ္စများနည်းတူ နိုင်ငံသားတွေအားလုံး အသိပညာ၊ အတတ်ပညာ တိုးတက်ရေးကို ချန်လှပ်မထားဘဲ အားသွန်ကြိုးပမ်းဖြည့်ဆည်းနေခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရာမှာ အဲဒီစနစ်ကို အကောင်အထည်ဖော်မယ့်သူ၊ ဦးဆောင်မယ့်သူ၊ လိုက်နာကျင့်သုံးကြမယ့်သူတွေအားလုံး အသိပညာ၊ အတတ်ပညာများ ပြည့်ဝစေဖို့ ရည်ရွယ်ခြင်းပါ။



❖ **၂၀၁၄ ခုနှစ်က ကောက်ခံခဲ့တဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်တွေအရ အသက် ၁၅ နှစ်နဲ့အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်းရှိသလို အကြောင်းအမျိုးမျိုးနဲ့ မူလတန်းမပြီးဆုံးသူတွေက ၂ ဒသမ ၇ သန်း ရှိနေတာတွေက စာတတ်မြောက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆက်လက်လုပ်ဆောင်သွားဖို့ လိုအပ်နေသေးတာကို မီးမောင်းထိုးပြထား**

❖ **ကျေးလက်တွေမှာ မြို့ပြထက် ကျောင်းနေသူရာခိုင်နှုန်းနည်းပါးတာ၊ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားကြတာတွေအပြင် တိုင်းရင်းသားဒေသတွေဆိုရင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှုနည်းပါးတာနဲ့ အဖျက်သမားတွေကြောင့် ပညာသင်ယူမှု အဟန့်အတား စတဲ့အခက်အခဲပေါင်းစုံက ကလေးတွေရဲ့ ပညာသင်ယူနိုင်မှုကို စိန်ခေါ်လျက်ရှိ**

## ပြည်သူအားလုံးစာတတ်မြောက်စေလို

ပညာရေးနဲ့ပတ်သက်ပြီး **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**က စက်တင်ဘာလ ၁ ရက်နေ့မှာကျင်းပတဲ့ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)** တွင် "မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ် တိုက်တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လိုကြောင်း" အလေးအနက် ထည့်သွင်းပြောကြားခဲ့ပါတယ်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံက စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုတွေကို ၁၉၆၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ အစဉ်တစိုက် ဆောင်ရွက်ပေးခဲ့ကြတဲ့ နိုင်ငံတော်အစိုးရများနဲ့ ဆရာများရဲ့ကျေးဇူးကြောင့် မြန်မာနိုင်ငံရဲ့ စာတတ်မြောက်နှုန်းက ၁၉၀၁ ခုနှစ်မှာ ၂၈ ရာခိုင်နှုန်းရှိခဲ့ရာကနေ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှာ ၃၅ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်မှာ ၉၄ ဒသမ ၄၅ ရာခိုင်နှုန်းကို ရောက်ရှိလာခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၄ ခုနှစ်က ကောက်ခံခဲ့တဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်တွေအရ အသက် ၁၅ နှစ်နဲ့အထက် စာမတတ်သူဦးရေ ၃ ဒသမ ၅ သန်း ရှိသလို အကြောင်းအမျိုးမျိုးနဲ့ မူလတန်းမပြီးဆုံးသူတွေက ၂ ဒသမ ၇ သန်း ရှိနေတာတွေက စာတတ်မြောက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆက်လက်လုပ်ဆောင်သွားဖို့ လိုအပ်နေသေးတာကို မီးမောင်းထိုးပြထားသလိုပါပဲ။

တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကြည့်မယ်ဆိုရင် ကျေးလက်ဒေသတွေမှာ အခြေခံပညာ အလယ်တန်းကျောင်း ၁၃၈၇၉ ကျောင်းနဲ့ မူလတန်းကျောင်း ၂၁၅၅၀၊ မြို့ပေါ်တွေမှာ အခြေခံပညာ အလယ်တန်းကျောင်း ၁၆၂၆ ကျောင်းနဲ့ မူလတန်းကျောင်း ၃၃၁၈ ကျောင်းရှိတာကို စာရင်းဇယားတွေအရ တွေ့ရှိရပါတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျေးလက်မှာ အခြေခံပညာကျောင်းတွေ ပိုမိုဖွင့်လှစ်ပေးနိုင်တယ်လို့ ဆိုရမှာပါ။ သို့ပေမယ့် ကျေးလက်တွေမှာ မြို့ပြထက် ကျောင်းနေသူရာခိုင်နှုန်းနည်းပါးတာ၊ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားကြတာတွေအပြင် တိုင်းရင်းသားဒေသတွေဆိုရင် ဘာသာစကားအခက်အခဲ၊ ပညာရေး အားပေးမှုနည်းပါးတာနဲ့ အဖျက်သမားတွေကြောင့် ပညာသင်ယူမှုအဟန့်အတား စတဲ့အခက်အခဲပေါင်းစုံက ကလေးတွေရဲ့ ပညာသင်ယူနိုင်မှုကို စိန်ခေါ်လျက်ရှိပါတယ်။

အစိုးရအနေနဲ့ အသက် ၁၅ နှစ်အထက် စာမတတ်သူတွေကို နှစ်အလိုက် လျှော့ချနိုင်ဖို့ အမျိုးသားပညာရေးအထူးစီမံကိန်းတွေမှာ ထည့်သွင်းရေးဆွဲထားပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) မှာ ကျောင်းပြင်ပရောက်ကလေးငယ်တွေအတွက် ကျောင်းပြင်ပမူလတန်းပညာရေးနဲ့ ကျောင်းပြင်ပအလယ်တန်းပညာရေး လုပ်ငန်းတွေပါ တိုးချဲ့ဆောင်ရွက်နေပါတယ်။ စာမတတ်သူတွေအတွက် အခြေခံစာတတ်မြောက်ရေး အစီအစဉ်တွေကိုလည်း ချမှတ်ပြီး နှစ်အလိုက် ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေ (၂၀၁၄) မှာလည်း အခြေခံပညာရေးကို ဦးတည်ဆောင်ရွက်ရန်နဲ့ အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်က "ကျောင်းပြင်ပပညာရေးဖြင့် မူလတန်းပညာ KG + 5 အထိ သင်ကြားပေးနိုင်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် လက်တွေ့ဆောင်ရွက်အောင်မြင်ခဲ့သည့် သာဓကရှိကြောင်း၊ ၎င်းမှတစ်ဆင့် KG + 9 ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ ပညာရည်မြင့်မားရေးမျှော်မှန်းချက်တွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း" **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)** မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

## နိုင်ငံတကာပညာရေးစနစ်ပြောင်းလဲကျင့်သုံး

ယခုအခါ ပညာရေးစနစ်ကို (KG+10)အခြေခံပညာရေးစနစ်ပုံစံကနေ (KG+12) စနစ်ဖြစ်တဲ့ နိုင်ငံတကာပညာရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေပါပြီ။ မိမိကိုယ်ကို အားကိုးရပ်တည်ပြီး အသိပညာ၊ ဗဟုသုတ၊ သုတေသန ဖွံ့ဖြိုးတိုးတက်စေမယ့် ခေတ်မီထိရောက်တဲ့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲထားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

အသစ်ထပ်မံချမှတ်ထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉) ရပ်၊ လူမှုရေးဦးတည်ချက် ပထမအချက်မှာ "**တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး**" ကို ထည့်သွင်းချမှတ်ထားပြီး ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုတဲ့ ပညာသင်ကြားမှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အထောက်အကူပြုစေမယ့် ပညာသင်ကြားမှုတွေကိုလည်း တစ်ပါတည်း ပေါင်းစပ်သင်ကြားပေးနိုင်ဖို့ ဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ ကျွမ်းကျင်သူတွေကို မွေးထုတ်ပေးနိုင်မယ့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ အခြေခံပညာ၊ သက်မွေးပညာကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ခဲ့သလို အလယ်တန်းနဲ့ အထက်တန်း သင်ယူပြီးမြောက်မှုမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းဘာသာရပ်များ ဆက်လက်လေ့လာသင်ယူနိုင်စေရေးအတွက် ပညာရေးအစီအမံတွေကိုလည်း ချမှတ်ခဲ့တာကို မြင်တွေ့ရပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး အကျိုးပြုနိုင်ဖို့နဲ့ ဥပဒေအခြေခံကို လက်တွေ့ကျကျသိရှိနိုင်ဖို့ L.L.B ဘွဲ့အပြင် B.A (Law) ဘွဲ့ကို တက်ရောက်နိုင်ဖို့ စီစဉ်နေပြီ ဖြစ်ပါတယ်။

## လူတိုင်းပညာသင်ယူခွင့်ရှိ

နိုင်ငံတော်ကနေ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ဖို့နဲ့ စာတတ်မြောက်ဖို့အတွက် မူဝါဒတွေချမှတ်ပြီး ကြိုးပမ်းအားထုတ်နေရုံ လက်ကမ်းကြိုနေရုံနဲ့ ပညာရေးမြင့်မားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ Education For All လူတိုင်းပညာသင်ယူခွင့်ရှိတာနဲ့အညီ မိဘတိုင်းက ကလေးတိုင်းကို အခမဲ့ပညာရေးဖြစ်တဲ့ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့်တွေ ပြီးမြောက်အောင် ကျားကန်ပေးတာ၊ ဆရာတိုင်းကလည်း ပြောင်းလဲလာတဲ့ သင်ရိုးညွှန်းတမ်းတွေကို အမြဲမပြတ် ဆည်းပူးလေ့လာဖြည့်ဆည်းပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးတာ၊ ပညာရေးကဏ္ဍအခြေခံအဆောက်အဦတွေကို ဖြည့်တင်းပေးတာ၊ သင်ယူသူ ကျောင်းသား ကျောင်းသူတွေကိုယ်တိုင်ကလည်း အပတ်တကုတ် ကြိုးစားပြီး လက်လှမ်းယူကြဖို့ လိုအပ်ပါသေးတယ်။ ထို့အတူ ပြောင်းလဲလာတဲ့ ပညာရေးနဲ့ သက်မွေးပေါင်းကူးပညာရေးစနစ်ကို သဘောပေါက်ပြီး ဝါသနာပါရာ၊ မိမိအခြေအနေနဲ့ ကိုက်ညီရာ ပညာရပ်တွေကို စနစ်တကျလေ့လာကြဖို့ တိုက်တွန်းပါတယ်။

ခေတ်သစ်လူ့အဖွဲ့အစည်းမှာ ပညာတတ်မြောက်မှုက အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံရဲ့ လူဦးရေ သုံးပုံတစ်ပုံက လူငယ်တွေဖြစ်ကြပြီး လူငယ်တွေ ပညာတတ်မြောက်မှု မြင့်မားမှသာ တိုင်းပြည်အနာဂတ်က ဖွံ့ဖြိုးသာယာမှာပါ။ နယ်လ်ဆင်မန်ဒဲလားက "ပညာရေးဟာ ကမ္ဘာကို ပြောင်းလဲရာမှာသုံးဖို့ အင်အားအကြီးမားဆုံး လက်နက်" လို့ ဆိုပါတယ်။ ပညာတတ်မြောက်မှသာ အနာဂတ်နဲ့ တည်ငြိမ်တဲ့ဘဝအတွက် အာမခံချက် ရှိလာမှာဖြစ်သလို မိမိစိတ်ကူးအိပ်မက်တွေနဲ့ မိမိတို့ရဲ့မျိုးဆက်ကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးနိုင်မှာဖြစ်တယ်လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

> **' Education For All လူတိုင်းပညာသင်ယူခွင့်ရှိတာနဲ့အညီ မိဘတိုင်းက ကလေးတိုင်းကို အခမဲ့ပညာရေးဖြစ်တဲ့ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့်တွေ ပြီးမြောက်အောင် ကျားကန်ပေးတာ၊ ဆရာတိုင်းကလည်း ပြောင်းလဲလာတဲ့ သင်ရိုးညွှန်းတမ်းတွေကို အမြဲမပြတ် ဆည်းပူးလေ့လာဖြည့်ဆည်းပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးတာ၊ ပညာရေးကဏ္ဍအခြေခံအဆောက်အဦတွေကို ဖြည့်တင်းပေးတာ၊ သင်ယူသူ ကျောင်းသား ကျောင်းသူတွေကိုယ်တိုင်ကလည်း အပတ်တကုတ် ကြိုးစားပြီး လက်လှမ်းယူကြဖို့လို '**

## ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) မှတ်တမ်းဓာတ်ပုံများ


လားရှိုးတက္ကသိုလ်





စစ်ကိုင်းတက္ကသိုလ်


ဘားအံတက္ကသိုလ်


တောင်ကုတ်တက္ကသိုလ်


ကျိုင်းတုံတက္ကသိုလ်


မန္တလာတက္ကသိုလ်


မကွေးတက္ကသိုလ်


ပင်လုံတက္ကသိုလ်


ရေနံချောင်းတက္ကသိုလ်


ပဲခူးတက္ကသိုလ်


မိုးညှင်းတက္ကသိုလ်


ရွှေဘိုတက္ကသိုလ်


ဗန်းမော်တက္ကသိုလ်


မုံရွာတက္ကသိုလ်

# ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် China Harbour Engineering Co.,Ltd. တို့ “ဝ” တစ်လုံး ဥမင်လိုဏ်ခေါင်းစီမံကိန်း ဖြစ်တန်စွမ်းလေ့လာဆန်းစစ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် China Harbour Engineering Co.,Ltd. တို့ “ဝ”တစ်လုံး ဥမင်လိုဏ်ခေါင်းစီမံကိန်း ဖြစ်တန်စွမ်းလေ့လာဆန်းစစ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ အင်ဂျင်နီယာချုပ်များ၊ တာဝန်ရှိသူများ၊ China Harbour Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က အမှာစကားပြောကြားပြီး China Harbour Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာက ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်နှင့် China Harbour Engineering Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာတို့က “ဝ” တစ်လုံး ဥမင်လိုဏ်ခေါင်းစီမံကိန်းဖြစ်တန်စွမ်း လေ့လာဆန်းစစ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် (MoU) လက်မှတ်ရေးထိုးကြပြီး **(ယာပုံ)** အပြန်အလှန်လဲလှယ်ကြသည်။

**သတင်းစဉ်**




## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ

**နေပြည်တော် စက်တင်ဘာ ၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း (၂/၂၀၂၃) မှ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးတို့သည်ယနေ့မွန်းလွဲပိုင်းက နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်နှင့် ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာများကို လေ့လာကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့်စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ **(အောက်ပုံ)** တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် မှတ်သားဖွယ်ရာ အဖြေလွှာများ၌ သင်တန်းသား၊ သင်တန်းသူများ၏ ဖြည့်စွက်မှုများကိုစိစစ်၍ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့၏ သီဆိုတီးခတ်လေ့ကျင့်မှု၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC) ၏ ရှမ်းရိုးရာယဉ်ကျေးမှု အိုးစည်အကသရုပ်ဖော်ရိုက်ကူးနေမှု၊ သတင်းထုတ်လွှင့်မှုဆိုင်ရာများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **သတင်းစဉ်**



## ကလေးမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကလေး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ စက်တင်ဘာ ၇ ရက် ည ၁၂ နာရီခန့်မှစပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကလေးမြို့အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ဥပုသ်ချောင်းသည် ချောင်းရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်တို့တွင် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်နေပြည်သူများအား နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှစိုးနှင့် ခရိုင်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး အိမ်ထောင်စု ၅၂၉ စု၊ လူဦးရေ ၂၀၉၉ ဦးအတွက် ဆန်ရိက္ခာတစ်ပတ်စာဖိုး ထောက်ပံ့ငွေများကို ညောင်ပင်သာရပ်ကွက် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတွင် ယနေ့ညနေပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၉ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၇၅ ကျပ် | ၂၃၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းဖြေ၏**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၉၂ | ၅၃၂၈၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၅၁၉၃ | ၁၆၃၄၉၉၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၀၀ | ၇၅၀၀၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၁၇၀ | ၂၈၅၅၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၀ | ၉၈၀၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၁၀၀ | ၁၈၀၀၀၀ |

ညီညီ - စုစည်းသည်

## ပတ်စ်ပို့ပျောက်

တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းကျေးရွာနေ မောင်ဇော်မျိုးသူ ၁၂/တကန(နိုင်)၁၇၃၄၇၆၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၆၆၂၁၈၀၄၁၇

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (၁) Grade-12 မှ ဦးဇော်ဇော် ၅/တဆန(နိုင်)၁၅၂၆၂၆၏သမီး မနှင်းအိဖြူ၏ အမည်မှန်မှာ မနှင်းအိအိဖြူ ၉/ပဥလ(နိုင်) ၀၇၅၇၄၈ ဖြစ်ပါကြောင်း။

မနှင်းအိအိဖြူ

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁) Grade-12မှ မစိုးစန္ဒာဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးတင်အောင်ဝင်း ၉/အမဇ(နိုင်)၀၁၅၅၂၅ ဖြစ်ပါကြောင်း။

ဦးတင်အောင်ဝင်း

## မိဘအမည်မှန်

ဒိုက်ဦးမြို့နယ်၊ အမက (လွန်) ဖောင်တော်သီရွာမ Grade-6မှ မောင်ဝေယံကျော်၏ မိဘအမည်မှန်မှာ ဦးဝင်းဗိုလ် ၇/ဒဥန(နိုင်) ၀၅၅၂၄ - ဒေါ်အေးနွဲ့ ၇/ဒဥန(နိုင်)၀၅၆၉၄၁တို့ဖြစ်ပါကြောင်း။

ဦးဝင်းဗိုလ်-ဒေါ်အေးနွဲ့

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက (ရေကင်း)၊ Grade-11(C)မှ မစိုးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းလှိုင် ၇/မညန(နိုင်)၀၆၅၈၄၉ ဖြစ်ပါကြောင်း။

ဦးကျော်မင်းလှိုင်

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ပြည်လမ်းသစ်၊ အမှတ်(၁၄/၈/၀၅၀/လ)နေဦးအုန်းသွင်(ဘ)ဦးဘိုရွှေ(၆/မမန(နိုင်)၂၀၂၅၅၇)မှ ကြာမက်ကွေကျေးရွာ၊ အိမ်မဲမြို့နေ ဦးလှငွေ(ဘ)ဦးကျော်ငြိမ်း(၁၄/အမန(နိုင်)၀၀၁၅၉၅)အား (၂၈. ၁၀. ၂၀၂၂)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၁၃၆/၂၀၂၂)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်းအထွေထွေ ကိုယ်စားလှယ်လွှဲစာအား ဤကြေညာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအုန်းသွင် (၆/မမန(နိုင်)၂၀၂၅၅၇)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/လှိုင်ထိပ်ခေါင်တင်၊ ဦးပိုင်အမှတ် ၁၀၀၊ ဧရိယာ ၀.၀၇၃ ဧကအား ဒေါ်သီတာစိုး(ဘ)ဦးစိုးမြင့် ၉/တကန(နိုင်)၁၁၉၀၆၂ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၂၀၅၂/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၆)လမ်း(အနောက်)၊ အမှတ်(၁၀၀၃)၊ နှစ်ခန်းတွဲ(၆)လွှာA(6)(တိုက်အားမျက်နှာမူကြည့်သော်ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း ၁၈ပေ x ၅၄ပေရှိ မြေရှင် ဒေါ် ခင်ကြည် အမည်ပေါက်ထွက်ရှိထားသော BCC ကျပြီး အဆောက်အအုံမှ အဆက်စပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသည့်ဦးအောင်မြင့်မော်၁၂/သကတ(နိုင်)၁၅၃၈၁၇-ဒေါ်လင်းစန္ဒီမွန် ၁၂/ဒဂမ(နိုင်)၀၂၂၈၂၂(၁)ရပ်ကွက်၊ ထူပါ ရုံ(၉)လမ်း၊ သာကေတမြို့နယ်တို့ပိုင်တိုက်ခန်းနှင့် ယင်းအခန်းတွင် တပ်ဆင်ထားသောရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံရောင်းချသဖြင့် ၎င်းတို့ထံမှ ကျွန်မ ဒေါ်ခင်ငြိမ်းအေး ၁၄/အမန(နိုင်)၀၀၀၈၃၇က စရန်ငွေပေးချေကာ အရောင်းအဝယ် သဘောတူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကျွန်မ ဒေါ်ခင်ငြိမ်းအေးထံ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ငြိမ်းအေး ၁၄/အမန(နိုင်) ၀၀၀၈၃၇**
**ဖုန်း-၀၉-၄၅၇၇၂၀၀၃၅၊ ၀၉-၄၅၇၇၂၀၀၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ဒုံးကွင်းဗလီလမ်း၊ အိမ်အမှတ် ၁၇၅နေ ဦးလှဝင်း(ခ) ဦးဝကြီး ၁၄/ပသရ(နိုင်)၀၆၂၀၄၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှဝင်း (ခ)ဦးဝကြီး ပိုင်ဆိုင်သော ပုသိမ်မြို့၊ ကိုးဆူကျေးရွာရှိ ကွင်းအမှတ် (၁၆၄/ A) ကွင်းအမည် -ကိုးဆူကွင်း၊ ဦးပိုင်အမှတ် ၁၂၈/၁၊ ဧရိယာ ၀ဒသမ၂၆ ဧကအား ဦးလှဝင်း အမည်ဖြင့် ပြေစာပေါက်ထွက်ရှိပြီး အဆိုပါ ဥယျာဉ်ခြံမြေအား ၂၂-၆-၂၀၁၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဦးလှဝင်း တစ်ဦးတည်းသာ လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ပါ ဥယျာဉ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ် ပြုလုပ်ရန် ကမ်းလှမ်းထားသဖြင့် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ ဥယျာဉ်ခြံမြေအား အရောင်းအဝယ် ပြုလုပ်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်မောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၆၅)**
**အမှတ် ၃၁၇၊ ယက္ကန်းကွက်သစ်(၁)လမ်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉- ၄၂၄၅၅၅၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိအနောက်ရပ် ၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဒေါ်စန်းစန်းအေး ၉/ပမန(နိုင်)၀၃၂၉၃၉(ဘ)ဦးကျော်လှိုင် အမည်ပေါက် နှစ် (၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၂၅၄၄)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၈/၂၀၁၃(၇-၃-၂၀၁၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးသန့်ဇင် ၁၂/လကန(နိုင်)၀၂၅၂၃၈ (ဘ) ဦးမြသွင်မှ ဦးစိုးတင့် ၉/ပမန(နိုင်) ၀၉၂၂၀၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် ၇၉၁၊ ဧရိယာ ၀ဒသမ၀၈၈ ဧကရှိ ဒေါ်ယဉ်ယဉ်အေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်မြင့်ချို (ဘ) ဦးထွန်းအောင်၅/ကသန(နိုင်)၀၀၆၀၉၂မှ မြေငှား စာချုပ်အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၂၈၇၄/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်နီနီစံမြိုင်(ဘ)ဦးစံမြိုင် ၉/ဝတန(နိုင်)၁၀၂၈၈၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၅

ဒေါ်စုစုကြည် (တရားလို) နှင့် ဒေါ်စိ (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၂၂၉)နေ တရားပြိုင် ဒေါ်စိ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုစုကြည်က ကတိပဋိညာဉ်ပါအတိုင်း အတည်ပြုဆောင်ရွက်ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့် အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်(၁၃၈၅ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုသည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ၊ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေမလေး )**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြည်ခရိုင်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အလက(ကုန်းဇောင်း) Grade-11မှ မောင်အာကာဖြိုး၏ ဖခင် ဦးမြင့်သူ၏ အမည်မှန်မှာ ဦးမျိုးမင်းစိုး ၈/ပဖန(နိုင်) ၀၇၀၇၄၁ ဖြစ်ပါကြောင်း။

ဦးမျိုးမင်းစိုး

## ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့၊ အောင်ကောင်းပြည့် ကိုယ်ပိုင် အထက် တန်းကျောင်း ဒွါဒသမတန်းမှ မထိပ်ထားရွှေဇင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း ၉/ပမန(နိုင်)၂၂၁၃၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကျောက်မှော်အုပ်စု၊ ရွာသစ်ကျေးရွာနေ မမိုးမြင့်စန္ဒီဇော် ၁၄/လပတ(နိုင်) ၂၇၂၇၀၄ ၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင် ၁၄/လပတ(နိုင်)၁၉၃၂၄၅ ဖြစ်ပါကြောင်း။

ဦးဇော်နိုင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ ပေါကျေးရွာနေ နန်းသိန်းရှင်၏ ဖခင် ဦးရာနိုးနှင့် ဦးယာနိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် နန်းသိန်းရှင်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၀-၁၉၈၃ ဖြစ်ပါကြောင်း။

## ဒေါ်သရဖီနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက် တင့်ဆန်းလမ်း၊ အမှတ် (၈)နေ(ဘ) ဦးကိုကိုကြည်၏သားဖြစ်သူ ဦးရဲမင်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများ သိစေရန် ကြေညာအပ်ပါသည်-

ဦးရဲမင်းနှင့် ဒေါ်သရဖီ (ဘ)ဦးလှမောင် (၁၂/ဥကတ(နိုင်)၂၁၆၇၄၅) တို့သည်(၁-၁၂-၂၀၁၁) အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြသည်မှာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့သည့် အတွက် (၃၁-၇-၂၀၂၃)ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ တရားရုံးဒုတိယမြို့နယ်တရားသူကြီး(၂)ရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ ဒေါ်သရဖီနှင့် ပတ်သက်သည့် မည်သည့်ကိစ္စဟူသမျှအဝဝတို့သည် ကျွန်ုပ်၏ မိတ်ဆွေနှင့် လုံးဝ (လုံးဝ) ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးရဲမင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး (LL.B,D.B.L, C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၄၀၂)**
**အမှတ်(၂၇၀)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## အများသိစေရန်ကြေညာခြင်း

အဘ - ဦးချစ်အောင်၏သမီးဒေါ်သန်းစိန် (၁၂/ပဘတ(နိုင်)၀၀၄၁၉၆)၊ အမှတ်(၆၁)၊ (၃၁) လမ်းအောက်ဘ လောက်(၉)ရပ်ကွက်၊ပန်းဘဲတန်းမြို့နယ်နေသူ၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းစိန်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ဆရာစံမြောက်အနောက်ရပ်ကွက် တင့်ဆန်းလမ်း၊ အမှတ်(၈)(၆လွှာ)၊ ဦးရဲမင်းပိုင်ဆိုင်သည့်တိုက်ခန်း၏အလျား(၁၈ပေxအနံ၄၀ပေ)ရှိလူနေ တိုက်ခန်းအဆောက်အအုံကို(၃၀-၄-၂၀၂၁)ရက်နေ့ကျွန်ုပ်၏မိတ်ဆွေဒေါ်သန်းစိန်မှအပြီးပိုင်ဝယ်ယူပြီးဖြစ်သောကြောင့် ၎င်းတိုက်ခန်းနှင့်ပတ်သက် သည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများသည်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏လက်ဝယ်တွင်ရှိပါသည်။အဆို ပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်သန်းစိန်မှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး မည်သူတစ်ဦး တစ်ယောက်ကိုမှ တစ်ဆင့်ပြန်လည်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ ဌားရမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း အာမခံအဖြစ် တင်သွင်းထားခြင်း မရှိပါကြောင်းနှင့်အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါကပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းစိန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး ( LL.B , D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၃၄၄၀၂)**
**အမှတ်(၂၇၀/က-ခ)၊တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## အမည်ပြောင်းနှင့် မိခင်အမည်မှန်

ဦးအောင်မြင့်၏သား မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း Grade-10 ($A_1$)မှ မောင်ခန့်စည်သူအား မောင်ကောင်းမြတ်ဆက်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ မိခင်အမည်မှန်မှာ ဒေါ်မကျင် ၁/ဝမန (နိုင်) ၀၄၈၁၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အလက (ခွဲ) ဆန်းကြွယ်ကျောင်း Grade-2မှ မောင်အောင်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၈/တတက(နိုင်)၁၂၀၉၁၆ ဖြစ်ပါကြောင်း။

## အမှားပြင်ဆင်ချက်

၁-၉-၂၀၂၃ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈)ပါ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဖားကန့်မြို့နယ်၊ ဖားကန့်မြို့ ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာတွင် မြေဧရိယာ ၁ဒသမ၂၀ဧကအစား ဝဒသမ ၅၅၀ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ စေတီဆိပ်ကျေးရွာအုပ်စုနေ မောင်ရတနာဖြိုးနှင့် မရတနာမွန်တို့၏ ဖခင် ဦးမောင်နု၏ အမည်မှန်မှာ ဦးသာနု ၅/မကန(နိုင်) ၀၁၄၀၉၆ ဖြစ်ပါကြောင်း။

ဦးသာနု

## မိခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁) Grade-12မှ မောင်မြင့်မြတ်သူ ၉/ပဥလ(နိုင်)၀၇၅၆၁၅ ၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ယဉ်ယဉ်ထွေး ၁၃/နခတ(နိုင်)၀၇၆၉၈၀ ဖြစ်ပါကြောင်း။

ဒေါ်ယဉ်ယဉ်ထွေး

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(စက်စဲ) Grade-12 မှ မခင်မြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးသက်နေဦး ၁၀/သဖရ(နိုင်) ၀၇၂၅၄၂ ဖြစ်ပါကြောင်း။

ဦးသက်နေဦး

## အမည်မှန်

ဦးမိုးဦး ၁၀/သဖရ(နိုင်) ၁၇၄၈၇၇၏သား မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက (စက်စဲ) Grade-6မှ မောင်ချစ်ပိုဦး၏ အမည်မှန်မှာ မောင်ချစ်ဘိုဦး ဖြစ်ပါ ကြောင်း။

မောင်ချစ်ဘိုဦး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြော်ငြာခြင်း

ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ဆင်မ်ဆာ့ကွက်သစ်(ဆင်ဆာ့ကောင်းကွက်သစ်)၊ ကွင်းအမှတ်(OSS/ဆင်မ်ဆာ့ကွက်သစ်)ဦးပိုင်အမှတ်(၂၀၉)၊ မြေဧရိယာ(၀.၆၅၀)ကေတွင် ဒေါ်စွဲ့စိန်တီ ၁/ပတအ(နိုင်)၀၃၂၆၀၉မှ မြေငှားဂရန်အသစ် လျှောက်ထားမှုနှင့်ပတ်သက်၍ အဆိုပါမြေကွက်သည် ဒေါ်စွဲ့စိန်တီမှ လီဒိုလမ်းမကြီး အနောက်ဘက်ယာယီလမ်း၌ လွန်ခဲ့သည့်(၅)နှစ်ခန့်က စက်သုံးဆီဖွင့်လှစ်ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်ခဲ့ပါကြောင်း၊ ယခုအခါလီဒိုလမ်းမပေါ်ရှိ တနိုင်းချောင်းကူးတံတား ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးသဖြင့် ယခင် ဖွင့်လှစ်သည့်စက်သုံးဆီဆိုင်၏ အရှေ့ဘက်ကပ်လျက်ရှိသောမြေနေရာ၌ စက်သုံးဆီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခွင့်ပြုပါရန် သက်ဆိုင်ရာဌာနသို့လျှောက်ထားရန်အတွက် ဤကျမ်းကျိန်လွှာကိုပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ တနိုင်းမြို့ ဆင်ဆာ့ကောင်းရပ်ကွက်၊ ဇေယျာသီရိဘုန်းတော်ကြီးကျောင်း အနောက်ဘက်ဘေး၊ လီဒိုလမ်းမကြီးနှင့်ကပ်လျှက်တြိဂံချွန်း၊(ဆင်ဆာ့ကောင်းကွက်သစ်)၊ကွင်း/အကွက်အမှတ် (OSSဆင်မ်ဆာ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၂၀၉)၊ မြေကွက်အမှတ်(၈၅၆)၊မြေဧရိယာ(၀.၆၅၀)ကေရှိ မြေနေရာတွင် ရေဝင်တောရိုင်းမြေနိမ့်ချိုင့်ဝှမ်းဖြစ်ပြီး အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြို့မြေအတွင်း ကျရောက်ပါကြောင်း၊ အဆိုပါမြေကွက်အား တောရိုင်းခုတ်ထွင်ရှင်းလင်းခြင်း၊ မြေဖို့ခြင်း၊ ကွန်ကရစ်အကာအရံများ ပြုလုပ်၍ လွန်ခဲ့သော (၁၀)နှစ်ခန့်ကပင်ရယူပိုင်ဆိုင်ခဲ့ပါကြောင်း၊ အထက်ဖော်ပြပါမြေ ဧရိယာ (၀.၆၅၀)ကေအနက်မှမြေကွက်အမှတ်(၈၅၆)၊ မြေဧရိယာ(၀.၁၇၂)ကေရှိမြေမှာ ဒေါ်စွဲ့စိန်တီအမည်ဖြင့် (၁၄-၃-၂၀၂၂)ရက်နေ့မှစ၍ အထက်မြန်မာနိုင်ငံမြေနှင့်အခွန်တော် နည်းဥပဒေအပိုဒ်-၆၈အရ ယာယီ လိုင်စင်မြေပေးမိန့်ချထားပေးပြီးဖြစ်ကြောင်း၊ (ဆင့်ဆာကောင်းကွက်သစ်)၊ ကွင်းအမှတ်(OSS/ဆင်မ်ဆာ့ကွက်သစ်) ဦးပိုင်အမှတ်(၂၀၉)၊မြေကွက်မှတ်(၈၅၆)၊ မြေဧရိယာ(၀.၆၅၀)ကေသည် ဒေါ်စွဲ့စိန်တီမှ တောရိုင်းခုတ်ထွင်ရှင်းလင်းခြင်း၊ မြေဖို့ခြင်း၊ ခြံစည်းရိုးကာရံ၍ ပိုင်ဆိုင်ရယူထားပါကြောင်း၊ အဆိုပါ မြေကွက်မြေဧရိယာ(၀.၆၅၀)ကေအနက်မှ (၀.၁၇၂)ကေအား ယာယီလိုင်စင်မြေပေးမိန့်ရရှိထားပြီး၊ ကျန်မြေဧရိယာ(၀.၄၇၈)ကေမှာ မြေပေးမိန့်လျှောက်ထားရယူခြင်းမရှိသေးသည်မှာ မှန်ကန်ပါကြောင်း၊ တောရိုင်းရေဝပ်မြေကို ခုတ်ထွင်ရှင်းလင်းမြေဖို့ရယူထားရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်ဆိုပါကြောင်း၊ ဤကဲ့သို့ကျမ်းကျိန်ဆိုရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ ခြိမ်းခြောက်စေခိုင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းစသည့်ပယောဂတစုံတရာမရှိဘဲ မိမိ၏ သဘောဆန္ဒ အလျှောက်သာဖြစ်ပါကြောင်း အသိသက်သေများနှင့်အတူ ကျမ်းကျိန်ဆိုမှုအား မြို့နယ်တရားရုံး၏ (၁၁-၇-၂၀၂၃)ရက်နေ့ ကျမ်းကျိန်ပြုလွှာ မှတ်ပုံတင် အမှတ်စဉ်(၃၀/၂၀၂၃)နှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန/ (မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး)၌ စာချုပ်စာတမ်း မှတ်ပုံတင် ဆောင်ရွက်ပြီးခြင်းအဖြစ်ပြုဆိုတင်ပြလျက် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တနိုင်းမြို့**

## "AMARA အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ်(၄၅) တွင်တည်ရှိသော **AMARA INTERNATIONAL LOGISTICS COMPANY LIMITED** သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်အမည်နှင့်အမှတ်အသားကို မိမိတစ်ဦးတည်း အသုံးပြုရန်အတွက် ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အမှတ်တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်အမှတ် - ၄/၇၅၈၇/၂၀၂၃(၂၄-၈-၂၀၂၃)ဖြင့် မြွက်ဟကြေညာ မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-

အထက်ဖော်ပြပါ **AMARA** အမှတ်တံဆိပ် အမည်အမှတ်အသားအား "Logistics" လုပ်ငန်းနှင့် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ ခေါင်းစီးကြော်ငြာ၊ ရုပ်ရှင်စလိုက်၊ ဒီဇိုင်း၊ စာစောင်ကြော်ငြာ၊ အင်တာနက်ဖြင့် အသုံးပြုရသော Social Media များ၊ ပြည်တွင်းရုပ်သံ မီဒီယာများ စသည်တို့ အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် အသုံးပြုဖော်ပြပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **AMARA INTERNATIONAL LOGISTICS COMPANY LIMITED** မှ တစ်ဦးတည်းအပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်ထင်မှား ဆင်တူယိုးမှားအတုအပ ပြုလုပ်သုံးစွဲနေသူတို့ကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာသမျှကို လျော်ကြေးငွေများတောင်းခံသွားနိုင်ရန် မည်သည့်တရားရုံးတွင်မဆို တရားမကြောင်း၊ ပြစ်မှုကြောင်းတို့အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**AMARA INTERNATIONAL LOGISTICS COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဝင်းမွန်မွန်သူ | ဦးကျော်မျိုးသူ |
| (စဉ်-၉၉၄၆) | (စဉ်-၁၁၃၅၃) |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| ဒေါ်သဲပြည့်စုံဦး | ဦးသန့်ဇင်အောင် |
| (စဉ်-၅၀၃၇၂) | (စဉ်-၄၁၈၉၈) |

**အထက်တန်းရှေ့နေများ**
**အမှတ် (၇)၊ စန္ဒကူးလမ်းနှင့် ကမာကြည်လမ်းထောင့်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - 09-260609272, 09-777773839**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းစေတီလမ်း၊ရွာမအနောက်၊ ဦးဝေယံကျော် ၁၂/ရပသ(နိုင်)၀၅၈၀၆၇ ပိုင်ဆိုင်သော အမှတ်(၅၆၈)-၄လွှာ အပေါ်ဆုံးအထပ်(A)ခေါင်းရင်းခန်း အလျား၁၂ပေ³/₂နှင့် အနံ ၅၀ပေတိုက်ခန်းနှင့် ဒေါ်ကြည်ကြည်မြ ၁၂/အစန(နိုင်)၀၈၅၇၉၀ပိုင်ဆိုင်သော တိုက်ခန်းအမှတ် (၅၆၈)-၄လွှာ အပေါ်ဆုံးထပ်(B) ခြေရင်းခန်း အလျား ၁၂ပေ³/₂နှင့် အနံ၅၀ ပေဟုခေါ်တွင်သောတိုက်ခန်း (၂)ခန်းစလုံးတို့၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးဝေယံကျော် (၄)လွှာ(A) ခေါင်းရင်းခန်း ပိုင်ဆိုင်သူနှင့် ဒေါ်ကြည်ကြည်မြ(၄)လွှာ(B) ခြေရင်းခန်းပိုင်ဆိုင်သူနှစ်ဦးထံမှ ကျွန်တော်မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ချေထားပြီး၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်း(၂)ခန်းစလုံး အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ(L.L.B,L.L.M) အထက်တန်းရှေ့နေ(စဉ်-၅၃၆၂၇)**
**အမှတ်(၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်**
**ဖုန်း-09-268308257,09-5079721**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8494, Suzuki Carry P/U ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဝင်း ၁၂/ဥကတ(နိုင်) ၁၃၅၁၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/81351 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါသင်း ၉/ရမသ(နိုင်) ၁၁၃၆၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/86691, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Young Pyae Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/98891, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေနိုင်ဝင်း ၉/မရတ(နိုင်) ၁၂၀၁၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မကျည်းမြိုင် အထက Grade-11မှ မပိုးအိခိုင်၏ မိခင်အမည်မှန်မှာ ဝင်းဝင်းဌေး (ခ) မလှအေးစိန် ၁၁/စတန(နိုင်)၁၁၄၅၉၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မလှအေးစိန်**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) Grade-11မှ မလှဝင်းယဉ်၏ ဖခင် ဦးမောင်မောင်စိုး၏ အမည်မှန်မှာ ဦးမောင်မောင်စော ၁၁/မဥန(နိုင်)၀၉၆၁၄၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) Grade-11မှ ကျော်စိုးနိုင်၏ ဖခင် ဦးတင်မောင် အမည်မှာ မှားယွင်းနေပါသဖြင့် ဖခင်အမည်မှန်မှာ ဦးမောင်သိန်းလှ ၁၁/မဥန(နိုင်) ၀၇၀၉၈၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၂) Grade-12မှ ဟိန်းသူရ၏ ဖခင် ဦးစောထွန်းသန်း၏ အမည်မှန်မှာ ဦးမောင်သန်းသန်း ၁၁/မဥန(နိုင်)၀၆၉၉၆၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့ ၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၂)ရေပုန်းကွင်း၊ ဦးပိုင်အမှတ်(၁၃၂/ ၁၉၇)၊ မြေဧရိယာ သုည ဒသမ ၀၅၅ဧကအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၅၃၃/၁၉၉၉-၂၀၀၀အရ ဦးငွေသန်းအမည်ဖြင့် ရရှိခဲ့ပြီး မူလ ဂရန်အမည်ပေါက်သူ ကွယ်လွန်ခဲ့သဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၁၁၀/၂၀၂၃)ဖြင့် ဇနီးဖြစ်သူ ဒေါ်စမ်းစမ်းယု(ခ)ဒေါ်ရွှေချိန်မှ မြွက်ဟကြေညာခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်စမ်းစမ်းယု(ခ)ဒေါ်ရွှေချိန် ၆/မအရ(နိုင်)၀၂၇၀၁၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လို သူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၅.OSS/ကတ္တလူ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်-၄၃၀+၄၃၁/၂၊ စုစုပေါင်းမြေဧရိယာ ၄၄ဒသမ ၈၀ဧကအား ဦးအောင်လွင်ထံမှ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးကျော်စည်သူမှဝယ်ယူခဲ့ပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးကျော်စည်သူ ၁၂/လမတ(နိုင်)၀၃၅၂၃၃မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

